# ကျွန်းစို/ သစ်မာပင်ထောင်ရိုက်မှတ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ

## Technical Document-1

# ကျွန်းစိုပင်ထောင်ရိုက်မှတ်ခြင်း လုပ်ထုံးလုပ်နည်းများ

မြန်မာနိုင်ငံသစ်တောများကို ရေရှည်တည်တံ့စေသည့် သစ်တောအုပ်ချုပ်လုပ်ကိုင်မှု (Sustainable Forest Management –SFM) စနစ်အရ (၁၀) နှစ်အတွက် သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းများရေးဆွဲပြီး မြန်မာ့ရွေးချယ်ခြင်းစနစ်( Myanmar Selection System- MSS) ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ကျွန်းစိုပင်ထောင်ရိုက်မှတ်ခြင်းဆိုသည်မှာ ကျွန်းစိုခုတ်လှဲထုတ်လုပ်ရန် သဘာဝတောရှိ ကန့်သတ်လုံးပတ်ပြည့်မီသော ကျွန်းပင်များအား ပင်ထောင်ရိုက် မှတ်ခြင်းဖြစ်ပါသည်။ ယခင်က ကျွန်းသင်းသတ်ခြင်းလုပ်ငန်းကိုသာ အဓိကထားဆောင်ရွက်ခဲ့ကြရသော်လည်း ယခုအခါ ကျွန်းစိုပင်ထောင်ရိုက်မှတ်ခြင်းလုပ်ငန်းကို ပိုမိုအဓိကထားဆောင်ရွက်လျက်ရှိပါသည်။ အနာဂတ်တောထွက် တွက်ချက်နိုင်မည့် ကျွန်းပင်များကို ချန်ပင်အဖြစ် စာရင်းကောက်ယူခြင်း၊ သဘာဝတောများမှ နှစ်စဉ်တောထွက်ကို ရိတ်သိမ်းခြင်း၊ သဘာဝတောများ ပိုမိုတိုးတက် ကောင်းမွန်လာစေရန်အတွက် ပြုစုပျိုးထောင်ပေးခြင်းစသည့်ရည်ရွယ်ချက်များဖြင့် ကျွန်းစိုပင် ထောင်ရိုက်မှတ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြစ်ပါသည်။

၃။ ကျွန်းစိုပင်ထောင်ရိုက်မှတ်ခြင်းလုပ်ငန်းများအတွက် အောက်ဖော်ပြပါလုပ်ငန်းစဉ်များနှင့်အညီ ရိုက်မှတ်ဆောင်ရွက်ရပါမည်-

လုပ်ငန်းစဉ် (၁) **ကျွန်းစိုပင်ထောင်ရိုက်မှတ်ရန် စီစဉ်ခြင်း**

ကျွန်းစိုပင်ထောင်ရိုက်မှတ်ရန် မြန်မာ့သစ်လုပ်ငန်းမှ ညှိနှိုင်းလာသည့်အခါ ရိုက်မှတ်ပေးရမည့် ပမာဏအား အောက်ပါအတိုင်း ဆောင်ရွက်ရပါမည်။

(က) ပထမဦးစွာကျွန်းသင်း/ကျွန်းစိုပင်ထောင်လက်ကျန်စာရင်း ကို ပြန်လည်စိစစ်၍နှစ်အတွင်းထုတ်ယူမည့် ပင်ထောင်အရေအတွက်ကို သတ်မှတ်ထားသော ခရိုင်နှစ်စဉ်တောထွက် (Annual Allowable Cut) ပမာဏထက် ကျော်လွန်ခြင်းမရှိစေရန် မြန်မာ့သစ်လုပ်ငန်းနှင့် ညှိနှိုင်းရပါမည်။

(ခ) ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းအရခုတ်ပတ်စေ့ရောက်သည့် ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တော/ ကြိုးတော

ပြင်/ အကွက်အမှတ်/ ခုတ်ကွက်တို့ကို ရွေးချယ် ဆောင်ရွက်ရပါမည်၊

(ဂ) ကျွန်းစိုပင်ထောင်ရိုက်မှတ်ပေးနိုင်သော်လည်း ရိုက်မှတ်ပေးရမည့် ပင်ထောင်အရေအတွက်သည်မိမိခရိုင်၏ ကျွန်းနှစ်စဉ်တောထွက်ပမာဏထက် ကျော်လွန်ပါက ခွင့်မပြုရပါ၊

(ဃ) ကျွန်းစို/ သစ်မာပင်ထောင်ရိုက်မှတ်ရာတွင် ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းပါ နှစ်စဉ်တောထွက် (AAC) အရ သတ်မှတ်သည့် ပင်ထောင်ပြည့်ပါက ရင်စို့လုံးပတ်ပြည့်မီသည့် ပင်ထောင်များ ဆက်လက်ရှိနေသည့်တိုင် ပင်ထောင်ရိုက်မှတ်ခြင်းကို ရပ်ရမည်ဖြစ်ပြီး ၎င်းရပ်လိုက်သည့်နေရာကို မြေပုံ၌ တိတိကျကျဖော်ပြရမည်။ သတ်မှတ်ပင်ထောင်ပြည့်မီ သော်လည်း ရင်စို့လုံးပတ်မီသည့် ပင်ထောင်အချို့ ကျန်ရှိနေသည်မှာ မြန်မာ့ရွေးချယ်ခြင်းစနစ်၏ လိုအပ်ချက်ဖြစ်ပြီး ယင်းပင်ထောင်များသည် နောင်ခုတ်ပတ် (Felling Cycle) များအတွက် အချက်အလက်များ ဖြစ်ပါသည်။

(င) ကျွန်းစိုပင်ထောင်ရိုက်မှတ်ရာတွင် လျာထားပင်ထောင်အရေအတွက်မှ ယခင်နှစ် ပင်ထောင်လက်ကျန်စာရင်းကို ခုနှိမ်၍ ရိုက်မှတ်ပေးရပါမည်၊

(စ) မြန်မာ့သစ်လုပ်ငန်း၏ နှစ်စဉ်သစ်ထုတ်ရေးစီမံကိန်းများအပေါ် သစ်တောဦးစီးဌာန၏ သစ်တောစီမံအုပ်ချုပ်မှုအရ ခရိုင် သစ်တောအုပ်ချုပ် လုပ်ကိုင်မှုစီမံကိန်းတွင် သတ်မှတ်ထားသည့် စာရင်းဝင်ပင် ရင်စို့လုံးပတ် သတ်မှတ်ချက်မီသည့် အပင်များနှင့်သင်းပင်၊ မှတ်ပင်၊ လက်ကျန်စာရင်းများကို အခြေခံစိစစ်၍ ဒေသအလိုက်ထုတ်လုပ်နိုင်မည့်ပမာဏကို ညှိနှိုင်းရေးဆွဲအတည်ပြုပါသည်။

လုပ်ငန်းစဉ် (၂)။ **ဆောင်ရွက်ရမည့် ဝန်ထမ်းများအား တာဝန်ပေးစုဖွဲ့ခြင်း၊**

(က) ကျွန်းသင်းသတ်ခြင်း/ ကျွန်းစိုပင်ထောင်ရိုက်မှတ်ခြင်း လုပ်ငန်းသည် မြန်မာ့သစ်တောများ၏ ရေရှည်တည်တံ့သော သစ်တောအုပ်ချုပ်လုပ်ကိုင် မှု (Sustainable Forest

Management)အတွက် အလွန်အရေးကြီးသဖြင့် ယင်းလုပ်ငန်းဆောင်ရွက်ရန် သစ်တောတက္ကသိုလ် သို့မဟုတ် မြန်မာနိုင်ငံသစ်တောကျောင်းဆင်း တောအုပ်ကြီးများအား ပင်ထောင်ရိုက်မှတ်အရာရှိအဖြစ် တာဝန်ပေးအပ်ရမည်၊

(ခ) ကျွန်းစိုပင်ထောင်ရိုက်မှတ်ခြင်းကို ကျွန်းသင်းသတ်ခြင်းအမိန့်( Girdling Order) ကဲ့သို့ သီးခြားအမိန့် ထုတ်ပြန်၍ စနစ်တကျ ဆောင်ရွက်ရပါမည်၊

(ဂ) ခရိုင်သစ်တောအရာရှိသည် လုပ်ငန်းမစတင်မီ လုပ်နည်းကိုင်နည်း စည်းမျဉ်းများကို ကောင်းစွာနားလည်စေရန်နှင့် ကျွမ်းကျင်စွာလုပ်ကိုင် ဆောင်ရွက်တတ်စေရန် ပင်ထောင်ရိုက်မှတ်အရာရှိများအား ရှင်းလင်းပြောကြားခြင်း၊ ကိုယ်တိုင်ကွင်းဆင်းပြသခြင်းတို့ ဆောင်ရွက်ရမည်၊

(ဃ) ကျွန်းစိုရိုက်မှတ်မည့် အဖွဲ့တစ်ဖွဲ့တွင် ကျွန်းစိုရိုက်မှတ်အရာရှိ တောအုပ်ကြီးတစ်ဦး၊ တွဲဘက်ကျွန်းစို ရိုက်မှတ်အရာရှိ တောအုပ်တစ်ဦး၊ တောခေါင်းနှစ်ဦး၊ အနည်းဆုံး (၄)ဦးလိုအပ်ပါသည်။

လုပ်ငန်းစဉ် (၃) **ကျွန်းစိုရိုက်မှတ်ရန် အမိန့်ထုတ်ခြင်း**

ကျွန်းစိုရိုက်မှတ်ခြင်း အမိန့်ထုတ်ရာတွင် အောက်ပါအချက်များပါဝင်ရမည်။ ကျွန်းစိုရိုက်မှတ်ခြင်းအမိန့် နမူနာပုံစံအား ပူးတွဲ(၁)ဖြင့် ဖော်ပြပါသည်။

(က) ကျွန်းစိုရိုက်မှတ်အဖွဲ့ ဖွဲ့စည်းခြင်း

(ခ) ကျွန်းစိုရိုက်မှတ်ရမည့် ပင်ထောင်အရေအတွက်

(ဂ) ကျွန်းစိုရိုက်မှတ်ရမည့် တည်နေရာ

(ဃ) ကျွန်းစိုရိုက်မှတ်ရမည့် စနစ်

(င) ကျွန်းစိုရိုက်မှတ်ရန်သတ်မှတ်သည့်ရင်စို့လုံးပတ်အတန်းအစားစာရင်းဝင်ပင်

(စ) ကျွန်းစိုရိုက်မှတ်ရန် ရွေးချယ်ခြင်း

(ဆ) ရောင်းတန်းဝင်သစ်များ

(ဇ) မတရားသင်းသတ်ပင်၊ အော်လဲ၊နတ်သတ်ပင်များ

(ဈ) ကျွန်းစိုရိုက်မှတ်အမှတ်စဉ်တပ်နည်း

(ည) ကွျန်းစိုတံဆိပ်ရိုက်မှတ်ခြင်း

(ဋ) ချန်ပင်တိုင်းတာခြင်း

(ဌ) နွယ်ဖြတ်ညောင်ပတ်လှဲခြင်း

(ဍ) အုပ်မိုးကာဆိုင်းခုတ်လှဲခြင်း

(ဎ) ရက်သတ္တပတ်ကျွန်းစိုရိုက်မှတ်ခြင်း စာရင်းပေးပို့ခြင်း

(ဏ) နေ့စဉ်မှတ်တမ်းပေးပို့ခြင်း

(တ) အနားယူခြင်း

(ထ) အကွက်အလိုက် ကျွန်းစိုရိုက်မှတ်ခြင်း ပြီးစီးကြောင်း အစီရင်ခံစာများ ပေးပို့ခြင်း

(ဒ) မြေပုံရေးဆွဲခြင်း

(ဓ) ကျွန်းစိုရိုက်မှတ်ခ နှုန်းထားအရ ငွေပေးချေခြင်း

(န) ကျွန်းစိုရိုက်မှတ်အရာရှိ၏ လုပ်ငန်းတာဝန်များ

(ပ) မြို့နယ်ဦးစီးအရာရှိ၏ လုပ်ငန်းတာဝန်များ

လုပ်ငန်းစဉ် (၄) **ကျွန်းစိုရိုက်မှတ်ခြင်း မဆောင်ရွက်မီ ကျွန်းစိုရိုက်မှတ်အရာရှိသည် အောက်ပါအချက်များကို ကြိုတင်စုဆောင်းထားရမည်။**

(က) သက်ဆိုင်ရာ ခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး၏ ကျွန်းစိုရိုက်မှတ်ရန်အမိန့်

(ခ) ကျွန်းစိုရိုက်မှတ်ရမည့် ကြိုးဝိုင်း၊ ကြိုပြင်ကာကွယ်တော၊ ကြိုးပြင်တောများ ၊ အကွက်များ၊ ခုတ်ကွက်၊ ဧရိယာများ၏ ၄ လက်မ ၁ မိုင်စကေးမြေပုံ

(ဂ) ကျွန်းစိုရိုက်မှတ်ခြင်း မှတ်စု S.32(a) များနှင့် အပတ်စဉ် တင်ပြမည့် ကျွန်းစိုရိုက်မှတ်ပြီး စာရင်းချုပ်စာရွက် S-32 များ

(ဃ) ကျွန်းစိုရိုက်မှတ်ရန် စိုလှဲတံဆိပ်နှင့် နံပါတ်စဉ်တုံးတစ်စုံ

(င) လုံးပတ်တိုင်းရန် အိတ်ပါသော ပေကြိုး

(စ) မှန်ထစ်ထစ်ရန်နှင့် သာမန်နွယ်ပင်များဖြတ်ရာတွင် အသုံးပြုသော ဓားတစ်ချောင်း

(ဆ) မှန်ထစ်များတွင် ရေးသားရန် တောသုံးခဲတံ

(ဇ) မှတ်ပင်၊ ချန်ပင်များ တာလီမှတ်ရန်၊ မှတ်စုစာအုပ် အကြမ်းပြုစုရန်ဗလာစာအုပ်များ၊ မှင်ခံစက္ကူစသည်များ

လုပ်ငန်းစဉ် (၅) **ကျွန်းစိုရိုက်မှတ်ခြင်းလုပ်ငန်းကို အောက်ပါလုပ်ငန်းအဆင့်ဆင့်ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။**

(က) ကျွန်းစိုရိုက်မှတ်ခြင်းမှတ်စုစာအုပ်တွင် ကျွန်းစိုရိုက်မှတ်ရန် အကွက်၏ ၄ လက်မ= ၁ မိုင် စကေးမြေပုံ ကပ်ထားရန်

(ခ) တောသုံးခဲတံကို အရင်း၌ အရစ်လုပ်၍ ကြိုးဖြင့်ချည်ပြီး မိမိ၏လည်ပင်း၌ ချိတ်ဆွဲထားရန်

(ဂ) သက်ဆိုင်ရာ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး၏ ကျွန်းစိုရိုက်မှတ်ခြင်းအမိန့်ကို နားလည်သဘောပေါက် ဖတ်ရှု၍ အောက်ပါအချက်များ မှတ်သားထားရမည်။

(၁) ကန့်သတ်ရင်စို့လုံးပတ် အတန်းအစား (Girth Limit )သည် ၆ '၆"

(၂) ရောင်းတန်းဝင်သစ်အရွယ်အစား ( Marketable Size)၏ အလျားး၁၈လက်မထက်မပိုသော ခါးလည် လုံးပတ် ၄ပေ ထက်မငယ်သော အသားတင် ကုဗပေ ၁၀ ထက် မနည်းသော သစ်လုံး

(၃) သတ်မှတ်ထားသော တောထွက်ပင်( Yield Trees)

(၄) သတ်မှတ်ထားသော အနာအဆာများ၏ အမှတ် အသားများ

- အောက်ခြေတွင် တစ်ဝက်သေ HD
- ဝံကိုက် WK

အောက်ပါအနာအဆာများသည် အောက်ခြေ၊ လုံးပတ် အချင်း စသည်တို့၏ တစ်ဝက်ထက်ပိုလျှင် စာလုံး အကြီးကိုအသုံးပြုပြီး တစ်ဝက်အောက်ငယ်လျှင် စာလုံး သေးကို အသုံးပြုရမည်။

| | | | |
|---|---|---|---|
| - | အောက်ခြေမီးလောင် | BB | bb |
| - | အောက်ခြေခြောက် | BD | bd |
| - | ခေါင်ခြောက် | DC | dc |
| - | ညောင်ပတ် | N | n |
| - | အသားလိမ် | T | t |
| - | အမြစ်ပေါ် | RE | re |
| - | အခေါင်း | O | o |
| - | ဒိုးယို | D | d |
| - | အပင်ကောက် | C | c |

| | | | |
|---|---|---|---|
| - | ၄၅' အထိ ယိုင်လျှင် | | f |
| - | ၄၅' ထက် ပိုယိုင်လျှင် | F | |
| - | ရင်စို့အထက်ခွပင်၌ အရွယ်တူသော အပင်(၂)ပင်ရှိလျှင် | FK | |
| - | အရွယ်မတူသော အပင်(၂)ပင်ရှိလျှင် | | fk |

(၅) ကျွန်းစိုရိုက်မှတ်ခြင်းနှုန်းထား၊ အုပ်မိုးကာဆိုင်း ခုတ်လှဲသည့်နှုန်းထားများကို မှတ်စုစာအုပ်၌ကပ် ထားရန်

(၆) ကျွန်းကောင်းပေါက်တော (ကျွန်းအကောင်း)ကို အထက်တန်းကန့်သတ်လုံးပတ်(H) နှင့် ကျွန်းညံ့ ပေါက်တော(ကျွန်းညံ့)ကိုအောက်တန်း ကန့်သတ် လုံးပတ်(L)အကြီးတို့ကို ကျွန်းတစ်ပင်ချင်းပေါ် မူတည်၍ ဆုံးဖြတ်ရမည်လို့ သတိပြုရန်

(ဃ) ကျွန်းစိုရိုက်မှတ်ရမည့် အကွက်နယ်နိမိတ်ကို SOP နှင့် အညီ ပြင်ဆင်ပြီးဖြစ်ရပါမည်။ အကွက်အတွင်း အဖွဲ့နှစ်ဖွဲ့ ကျွန်းစိုရိုက်မှတ်သော် Sub Compartment ကို မြေပြင်၌ ခွဲခြားသတ်မှတ်ရန်

(င) ကျွန်းစိုစတင်ရိုက်မှတ်ရမည့်နေရာ Starting Point ကိုရှာဖွေ၍ မြေပုံ၌ ပြသထားရန်

(စ) ကျွန်းစိုရိုက်မှတ်မည့် အကွက်တစ်ကွက်အတွင်း အကွက် ငယ်များအား A,B,C စသည်ဖြင့် လက်ယာရစ်အတိုင်း အမှတ်စဉ်တပ်ရမည်။ အဆိုပါအကွက်ငယ်များအတွင်း ပင်ထောင်အမှတ်စဉ်များကို အောက်ပါအတိုင်း ရေးရမည် ။

ဥပမာ- အကွက်ငယ် A အတွက် ၁ မှစ၍ ၃၀၀ အထိ
အကွက်ငယ် B အတွက် ၃၀၀ မှစ၍ ၆၀၀ အထိ
အကွက်ငယ် C အတွက် ၆၀၀ မှစ၍ ၉၀၀ အထိ

အကွက်ငယ်တိုင်းအတွက် အမှတ်စဉ်(၁)မှစ၍ မတပ်ရ

(ဆ) ကြိုးဝိုင်းကြိုးပြင် မည်သည့်ဧရိယာတွင်ဖြစ်စေ ကျွန်းစို ရိုက်မှတ်ရန် ကွင်းနင်းရာ၌ ကွန်တိုအတိုင်း ကွင်းနင်းခြင်း (Contouring)ဆောင်ရွက်ရမည်။ သို့မှသာ အပင်များကျန် ခဲ့ခြင်းမဖြစ်စေဘဲ ဧရိယာအားလုံး ကွင်းနင်းစစ်ဆေးပြီး ဖြစ်ပါမည်။ ခင်ကျော်ချောင်းဖြတ်မပြုအပ် ( Never Cross a Stream , Never Cross a ridge) ဆိုသည့်စကားနှင့် အညီ ကျွန်းပင်များကို ရေဝေရေလဲအတိုင်း ကွင်းနင်းရှာ

ဖွေရမည်။ ဆိုလိုသည်မှာ ချောင်းကို မိမိညာဘက်တွင် ထား၍ သွားမည်ဆိုပါက တောက်လျှောက်ရင်းအတိုင်း သွားရန်ဖြစ်ပြီး တောင်ကြောများကို မိမိဘယ်ဘက်တွင် ထားရန်သွားမည်ဆိုပါက တောက်လျှောက်ဘယ်ဘက် တွင်ထား၍ သွားခြင်းဖြင့် အကွက်စေ့နင်းပြီးဖြစ်ပါမည်။ အကယ်၍ မြေပြန့်နေပါက လွန်းထိုးနည်း Shuttling နည်းဖြင့် သွားရမည်။

(ဇ) ရေဝေရေလဲ (Contour) အတိုင်း ကွင်းနင်းရာတွင် ပထမဆုံးကျွန်းပင်တွေ့သော ၄’ ၆” အမြင့်ရှိ ဝါးတုတ်ကို ထောင်၍ ဓါးရာပေးပြီး လုံးပတ်ကို ပေကြိုးဖြင့်တိုင်းပါ။ တောင်စောင်းရှိ အပင်များကို တိုင်းတာရာတွင် အမြင့် ဘက်ကနေပြီး မှန်ကန်စွာတိုင်းပါ။ ပုံမှန်အပင်ဖြစ်၍ ကန့်သတ်လုံးပတ်မှီပြီး H 7’8” တိုင်း၍ရလျှင် ဝါးတုတ် ထောက်၍ ထစ်ထားသော ဓါးရာအပေါ်၌ လွတ်လွတ် လပ်လပ်နေရာတွင် မှန်ထစ်ထစ်၍ အောက်ပါအတိုင်း ရေးသွင်းပါ။ မှတ်စုစာအုပ်တွင်လည်း စာရင်းသွင်းပါ။




(ဈ) ကန့်သတ်လုံးပတ်မမှီသောအပင်ဖြစ်ပြီး ရင်စို့လုံးပတ် ၄’ ၀” အထက်ဖြစ်ပါက ချန်ပင်အဖြစ်စာရင်းသွင်းရန်၊ တုတ် ထောက်ဓါးထစ်ရာ ၄’၆” အမြင့်အောက်ဘက် လွတ်လွတ် လပ်လပ်နေရာတွင် မှန်ထစ်ထစ်၍ အောက်ပါအတိုင်း ရေးသွင်းပါ။ မှတ်စုစာအုပ်တွင်လည်း စာရင်းသွင်းပါ။



ကျွန်းပင်သည် ခွပင်ဖြစ်ခဲ့သော်-

- အမြင့် ၄’၆” အထက်၌ခွလျှင် သာမန်တစ်ပင်ကဲ့သို့ သတ်မှတ်ဆောင်ရွက်ရန်

(ည) - အမြင့် ၄’၆” အောက်၌ခွလျှင် အပင်နှစ်ပင်ကဲ့သို့ သတ်မှတ်ဆောင်ရွက်ရန်

(ဋ) မမှန်သောလုံးပတ် (False Girth) ပင်ဖြစ်လျှင် ထိုအပင်ကို လုံးပတ်ခန့်မှန်းပါ။ ကျွန်းစိုရိုက်မှတ်ခြင်း ၊ ချန်ပင်စာရင်း သွင်းခြင်းကို ခန့်မှန်းလုံးပတ်နှင့် စာရင်းသွင်းရမည်။ ကျွန်းစိုရိုက်မှတ်ခ ပေးချေရာတွင် မမှန်သောလုံးပတ် အတိုင်း ပေးချေရန်။

ဥပမာ- H 10’ 6” 8’ 7”

(မမှန်သောလုံးပတ်) (ခန့်မှန်းလုံးပတ်)

(ဌ) ညောင်ပတ်ဖြစ်ခဲ့လျှင် ကြိုးစား၍ ကျွန်းစိုရိုက်မှတ်ရမည်။ ညောင်ပတ်ပင်၌ မှန်ထစ်ပြုလုပ်မရ၍ နီးရာအပင်၌ မှန်ထစ်ပြုလုပ်၍သော်လည်းကောင်း၊ ၎င်းညောင်ပတ်ပင် တွင် စာရွက်ကပ်၍သော်လည်းကောင်း မှတ်သားထား ရမည်။ ညောင်ပင်ကို သေအောင်ပြုလုပ်ခဲ့ရမည်။ ညောင် ပတ်ပင်များ၌ လုံးပတ်ပေအလိုက် နှုန်းထားသတ်မှတ် ထားသည်။ တိုင်းတာ၍ရသော လုံးပတ်ထု ၂”ရှိလျှင် ၁ ပေ လျော့၍ စာရင်းသွင်းရမည်။ ဥပမာ-ညောင်ပတ် လုံးပတ် ၁၉’၀” ညောင်ထု ၂” ရှိလျှင် ၁၉’- ၁’ = ၁၈’ ၀”

(ဍ) အပင်နာဖြစ်ခဲ့လျှင် အထူးသတိထားစစ်ဆေးရမည်။ ကန့် သတ်လုံးပတ်မှီသော ရောင်းတန်းဝင်မဝင်လေ့လာ၍ ဒွိဟဖြစ်လျှင် ရောင်းတန်းဝင်သည်ဟု သတ်မှတ်၍ ကျွန်းစို ရိုက်မှတ်ရန်၊ ကန့်သတ်လုံးပတ် မမှီသော် နှောင်နှစ်၃၀ထိ မခံနိုင်ကြောင်း ယူဆပါက ရောင်းတန်းဝင်နိုင်လျှင် ကျွန်းစို ရိုက်မှတ်ခဲ့ရမည်။ အနှစ် ၃၀ အထိ ခံနိုင်ကြောင်း ယူဆ လျှင် ချန်ပင်စာရင်းသွင်းရမည်။

(ဎ) အောက်မှန်ထစ်ကို မြေကြီးနှင့် နီးနိုင်သမျှ နီးအောင် ပြုလုပ်၍ နံပါတ်စဉ်နှင့် စိုလဲ့တံဆိပ်ရိုက်မှတ်ခဲ့ရမည်။ အောက်မှန်ထစ်မြင့်လျှင် သစ်ငုတ်မြင့်မည်ဖြစ်သဖြင့် သစ်လေလွင့်မှုများနိုင်မည်ဖြစ်သည်။

(ဏ) ကျွန်းစိုရိုက်မှတ်ပင်ပေါ်တွင်နွယ်များ၊ ကိုင်းခြောက်များ ရှိပါက ဖြတ်တောက်ဖယ်ရှား၍ အောက်ခြေရှင်းလင်းခဲ့

ရမည်။

(တ) ကျွန်းစိုရိုက်မှတ်အရာရှိသည် ရေဝေရေလဲအတိုင်း ကျွန်းစိုရိုက်မှတ်ခြင်း၊ ချန်ပင်စာရင်းကောက်ယူခြင်း၊ အုပ်မိုးကာဆိုင်းခုတ်လှဲခြင်း၊ ညောင်ပင်လှဲခြင်းတို့ကို ဆောင်ရွက်ရမည်။ အကွက်ပိတ်သောအခါ စာရင်းချုပ်ကို အောက်ပါခေါင်းစဉ်များဖြင့်ပြုလုပ်မည်။

(၁) အပင်များအားလုံး၏ အမှတ်စဉ်

(၂) ကန့်သတ်သည့်လုံးပတ်များ

(၃)ရောင်းတန်းဝင်ကျွန်းစိုရိုက်မှတ်ပင်များ၏
လုံးပတ်အလိုက်စာရင်းများ

- စာရင်းဝင်ပင်

- စာရင်းမဝင်ပင်

(၄) လှဲပင်များ၏ အမှတ်စဉ်

(၅) အနာဂတ်တောထွက်ပင်များ(H & L အလိုက်)

(၆) ရောင်းတန်းဝင် အော်လဲ/ နသတ်ပင်များ

(ထ) ကျွန်းစိုရိုက်မှတ်ခြင်းမှတ်တမ်းရေးသွင်းခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်။

- ရုံးမှထုတ်ပေးသော ကျွန်းစိုပင်ထောင်တံဆိပ်ရိုက်မှတ်သားရန် စာအုပ် S-32 (a) တွင် တိုက်ရိုက်ရေးသားခြင်းမပြုဘဲ မှတ်စုစာအုပ်အကြမ်းဖြင့်တောတွင်း၌ မှတ်သား၍ S-32 (a) တွင် ကူးယူရေးသွင်းပါက အမှားနည်း၍ သပ်ရပ်မှုပိုမိုရရှိနိုင်သည်။
- ကျွန်းစိုရိုက်မှတ်ပင်များကို တစ်လိုင်းချင်းရေးသွင်း၍ ချန်ပင်များကို တိုင်းတာရရှိမှု အနည်းအများပေါ်မူတည်၍ တစ်ပင်တစ်လိုင်းရသ၍ ရေးသွင်းရမည်။ ကျွန်းစိုပင်ထောင်တံဆိပ်ရိုက်မှတ်သားရန် စာအုပ်ရေးသွင်းရာတွင် လိုက်နာဆောင်ရွက်ရမည့်

နည်းလမ်းများအားပူးတွဲ(၅)ဖြင့် ဖော်ပြထားသည်။

(ဒ) သစ်တောဦးစီးဌာန၏ Pre- Harvesting Inventory သည် ပူးတွဲ(၄) ကျွန်းစိုပင်ထောင်ရိုက်မှတ်ခြင်း ပြီးစီးကြောင်း အစီရင်ခံစာပင် ဖြစ်ပါသည်။

လုပ်ငန်းစဉ် (၆) **ကျွန်းစိုပင်ထောင်ရိုက်မှတ်ပြီးနောက် စစ်ဆေးခြင်း**

ကျွန်းစိုပင်ထောင်ရိုက်မှတ်ခြင်းလုပ်ငန်းပြီးဆုံးပါက ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးသည် ကျွန်းစိုရိုက်မှတ်ပင်ထောင် အရေအတွက်၏ ၁၀% ၊ မြို့နယ်ဦးစီးအရာရှိသည် ကျွန်းစိုရိုက်မှတ်ပင်ထောင်အရေအတွက်၏ ၂၀% ကို ကိုယ်တိုင်ကွင်းဆင်း စစ်ဆေးရမည်။ ကွင်းဆင်းစစ်ဆေးရာတွင် အောက်ပါအချက်များကို စနစ်တကျ ဆောင်ရွက်ခဲ့ခြင်းရှိမရှိ စစ်ဆေးရမည်။

(က) ကျွန်းစိုပင်ထောင်ရိုက်မှတ်ခြင်းလုပ်ငန်းပြီးစီးကြောင်း အစီရင်ခံစာတပါတည်း ယူဆောင်ရမည်။
( ခ) ကြိုးဝိုင်း/ အကွက်နယ်နိမိတ်ပြင်ဆင်ခြင်းလုပ်ငန်းများ
( ဂ) ရေဝေရေလဲ(Contour) အလိုက် စနစ်တကျကျွန်းစိုရိုက်မှတ်ခြင်း/ ချန်ပင် စာရင်းကောက်ယူခြင်း ဆောင်ရွက်ခဲ့မှု ရှိမရှိ
(ဃ) နွယ်ဖြတ်ညောင်ပင်လှဲ၊ အုပ်မိုးကာဆိုင်းလုပ်ငန်းများ ဆောင်ရွက်မှု
( င) ကျွန်းစိုရိုက်မှတ်ပင်များ အောက်ခြေရှင်းလင်းခြင်း
( စ) လုံးပတ်တိုင်းတာခြင်းနှင့် တံဆိပ်ရိုက်မှတ်ခြင်း
(ဆ) မျိုးဆက်ခြင်းလုပ်ငန်းများ ဆောင်ရွက်မှု

လုပ်ငန်းစဉ် (၇) **မြန်မာ့သစ်လုပ်ငန်းသို့ လွှဲပြောင်းပေးအပ်ခြင်း**

သက်ဆိုင်ရာ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးသည် ကျွန်းစိုပင်ထောင်ရိုက်မှတ်ခြင်း လုပ်ငန်းပြီးစီးကြောင်း အစီရင်ခံစာတင်ပြလာပါက သစ်ထုတ်လုပ်ငန်း ဆက်လက်ဆောင်ရွက်နိုင်ရန် ပင်ထောင်ရိုက်မှတ်စုစာအုပ်နှင့်အတူ မြန်မာ့သစ်လုပ်ငန်းသို့ ပေးပို့ရမည်။

ပူးတွဲ-(၁)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**သစ်တောဦးစီးဌာန**
**လက်ထောက်ညွှန်ကြားရေးမှူးရုံး**
**ကျွန်းစိုပင်ထောင်ရိုက်မှတ်ခြင်းအမိန့်အမှတ်(-----/၂၀------)**

……………...တိုင်းဒေသကြီး/ပြည်နယ်၊………………ခရိုင်၊………………..မြို့နယ်၌………… …….ခုနှစ်၊ကျွန်းစိုရိုက်မှတ်ခြင်း လုပ်ငန်းဆောင်ရွက်နိုင်ရန်အောက်ပါအတိုင်း အမိန့်ထုတ်ပြန်လိုက်သည်။

၁။ **ကျွန်းစိုရိုက်မှတ်အဖွဲ့ ဖွဲ့စည်းခြင်း**

(က) တောအုပ်ကြီး ကျွန်းစိုရိုက်မှတ်အရာရှိ

(ခ) တောအုပ် တွဲဘက်ကျွန်းစိုရိုက်မှတ်အရာရှိ

(ဂ) တောခေါင်း အဖွဲ့ဝင်

(ဃ) တောခေါင်း အဖွဲ့ဝင်

၂။ **ကျွန်းစိုရိုက်မှတ်ရမည့် ပင်ထောင်အရေအတွက်**

ကျွန်းစိုပင်ထောင်(…………...)ပင်ဖြစ်ပြီး ညွှန်ကြားချက်ထပ်မံမရရှိပါက သတ်မှတ်ပင်ထောင်ထက် လုံးဝကျော်လွန်ခြင်း၊ လျော့နည်းခြင်းမရှိစေရ၊

၃။ **ကျွန်းစိုရိုက်မှတ်ရမည့် တည်နေရာ**

…………ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တော/ ကြိုးပြင်တော၊ အကွက်/ခုတ်ကွက်အမှတ်(………..)အတွင်းရိုက်မှတ်ပေးရမည်။ သတ်မှတ်ပင်ထောင်ပြည့်ပါက ရပ်ဆိုင်းထားရန်နှင့် ရပ်ဆိုင်းထားသည့်အကွက်တွင် ပင်ထောင်ရိုက်မှတ်ရန် ဧရိယာကျန်ရှိပါကမြေပုံပေါ်တွင်ရိုက်မှတ်ပြီးဧရိယာနှင့် ရိုက်မှတ်ရန်ကျန်ရှိဧရိယာတို့ကို နယ်နိမိတ်ထင်ရှားအောင်ဖော်ပြပေးရမည်။အကယ်၍ လျာထားချက် မပြည့်မီပါက လက်ထောက်ညွှန်ကြားရေးမှူးထံ တင်ပြရမည်။

၄။ **ကျွန်းစိုရိုက်မှတ်ရမည့်စနစ်**

ရင်စို့လုံးပတ် ၆ ပေ ၆ လက်မနှင့်အထက်ရှိ ကျွန်းပင်များကို မြန်မာ့ရွေးချယ်နည်းစနစ်ဖြင့် ရိုက်မှတ်ဆောင်ရွက်ရမည်။

၅။ **ကျွန်းစိုရိုက်မှတ်ရန် သတ်မှတ်သည့် ရင်စို့လုံးပတ်အတန်းအစားနှင့် စာရင်းဝင်ပင်**

ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းတွင် သတ်မှတ်ထားသည့် ကန့်သတ်ရင်စို့လုံးပတ် ၆ ပေ ၆ လက်မဖြစ်ပြီး စာရင်းဝင်ပင်၏ ကန့်သတ်ရင်စို့ လုံးပတ်မှာလည်း

၆ ပေ ၆ လက်မဖြစ်သည်။ သို့သော်အော်လဲ၊ နတ်သတ်များကိုမူ သတ်မှတ် ရင်စို့လုံးပတ်ထက်ကျော်သည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ ရိုက်မှတ်နိုင်ပြီး ကျွန်းစိုရိုက်မှတ်စာရင်တွင် သီးခြားဖော်ပြ၍ ပေမမီစာရင်းတွင် ရေးသွင်းရမည်၊ ကျွန်းစိုရိုက်မှတ်ရာတွင်ရောင်းတန်းဝင် သစ်တစ်လုံးရနိုင်ပြီး နောင်လာမည့်နှစ် ၃၀ အထိ ဆက်လက်ရှင်သန်ရန်အလားအလာမရှိသော ကန့်သတ်ရင်စို့လုံးပတ်မမီသည့်အပင်ကို ပင်ထောင်ရိုက်မှတ်နိုင်သော်လည်း ရိုက်မှတ်ရမည့် အပင်စုစုပေါင်း၏ ၁၀% ထက် မည့်သည့်နည်းနှင့်မျှ မကျော်လွန်ရ၊

၆။ **ကျွန်းစိုရိုက်မှတ်ရန် ရွေးချယ်ခြင်း**

သတ်မှတ်ထားသော ရင်စို့လုံးပတ်ပြည့်မှီသည့် ကျွန်းပင်အားလုံးကို ရွေးချယ်ရိုက်မှတ်ရမည်။ချို့ယွင်းချက်များကြောင့် နောင်လာမည့်အနှစ် ၃၀အတွင်း မပျက်စီးဘဲမခံနိုင်ဟု ယူဆနိုင်သောအပင်များအားလုံး၊ပင်ကျပ်သဘောမျိုးဖြင့် ထုတ်ပစ်ရမည့်အပင်များအားလုံးတို့ကိုကျွန်းစိုရိုက်မှတ်ပင်များအဖြစ်ရွေးချယ်ရမည်။

အထူးသတိပြုရန်မှာ အကြီးအကျယ်အနာတရမရှိဘဲ လုံးပတ်မမီသောအပင်များကို အရမ်းမဲ့ ကျွန်းစိုပင်ထောင်ရိုက်မှတ်ခြင်းမှ ရှောင်ကျဉ်ရမည်။ အပြစ်အနာရှိခြင်းကြောင့် ကျွန်းစိုရိုက်မှတ် သင့်/မသင့်ဆိုသည့်အချက်ကို သေချာစွာဝေခွဲ ဆုံးဖြတ်ခြင်းမပြုနိုင်လျှင် ချန်ထားခံရမည်။ ကျွန်းစိုရိုက်မှတ်လိုက်သဖြင့် နှောင်ခုတ်လှဲထုတ်လုပ်သောအခါ အခြားကျွန်းပင်များကို ပျက်စီးနိုင်လျှင် ၎င်းအပင်ကို ချန်ထားရမည်။

၇။ **ရောင်းတန်းဝင်သစ်များ**

အလျား(၁၀)ပေထက်မပိုဘဲ ခါးလည်လုံးပတ် ၄ ပေထက်မငယ်သော အသားတင်ကုဗပေ(၁၀)ထက်မနည်းသော သစ်လုံးတစ်လုံးထွက်နိုင်သည့်အပင်များဖြစ်ရပါသည်။

၈။ **မတရားသင်းသတ်ပင်၊ အော်လဲ၊နသတ်ပင်များ**

တရားမဝင်သင်းသတ်ထားသော အပင်များ ၊အော်လဲနတ်သတ်ပင်များတွေ့ရှိပါကကျွန်းစိုတံဆိပ်ရိုက်မှတ်၍ တိုင်းတာစာရင်းကောက်ယူပြီး သီးသန့်ခေါင်းစဉ်တပ်၍ကျွန်းစို ရိုက်မှတ်ပြီး စာရင်းချုပ်တွင်Non – Yield Tree အဖြစ် ဖော်ပြရမည်၊ မတရားသင်းသတ်ပင်များ အော်လဲ/နသတ်ပင်များကို နံပါတ်စဉ်မပေးရ၊ အနီးကပ်ဆုံးမှတ်ပင်နံပါတ်ရှေ့တွင် “သုည”ခံ၍ ၎င်းအမှတ် စဉ်ကို မှင်နီဖြင့် ရေးသွင်ရမည်။

၉။ **ကျွန်းစိုရိုက်မှတ် နံပါတ်စဉ်တပ်နည်း**

အကွက်တစ်ကွက်တွင်ဖြစ်စေ၊ ခုတ်ကွက်တစ်ကွက်တွင်ဖြစ်စေ အကွက်သို့မဟုတ်ခုတ်ကွက်သတ်မှတ်ထားခြင်းမရှိသော ဧရိယာ၌ဖြစ်စေ အသုံးပြုသော စိုလှဲတံဆိပ်တစ်ခုစီအတွက် အမှတ်စဉ်တစ်ခုတည်းသာ ရှိရမည်၊ အောက်မှန်ထစ်ကို နိမ့်နိုင်သမျှနိမ့်၍ အထက်မှန်ထစ်ကို လက်လှမ်းမှီမြင့် နိုင်သမျှမြင့်ရမည်၊ အနှစ်သားပေါ်နေသည့်

မှန်ထစ်ပေါ်တွင် နံပါတ်နှစ်တန်းရိုက်မှတ်ပြီး စိုလှဲတံဆိပ်သုံးကွက်ကို ဖိုခနောက်ဆိုင် ထင်ရှားအောင် ထင်ရှားအောင် အောက်ပါပုံအတိုင်း ရိုက်မှတ်ရမည်၊




၁၀။ **ချန်ပင်တိုင်းတာခြင်း**

နောင်တွင်ရောင်းတန်းဝင်လာနိုင်မည့် ရင်စို့လုံးပတ် ၄ ပေနှင့်အထက် ကျွန်းပင်များအားလုံးကို တိုင်းတာစာရင်းကောက်ယူပြီး မှတ်တမ်းရေးသွင်းရမည်၊ ချန်ပင်စာရင်းကောက်ယူရာတွင် သတိပြုရမည့်အချက်များအား ပူးတွဲ(၂)ဖြင့် ဖော်ပြထားပါသည်။

၁၁။ **နွယ်ဖြတ်ညောင်ပင်လှဲခြင်း**

ကျွန်းပင်ပေါက်ရောက်သော တောများ၌ နွယ်ဖြတ်ခြင်း၊ ညောင်ပင်လှဲခြင်းများသည် ကျွန်းစိုရိုက်အရာရှိ၏ အရေးကြီးဆုံးတာဝန်များတွင် တစ်စိတ်တစ်ဒေသအဖြစ်ပါဝင်သည်။ ကျွန်းပင်ကို နှောင့်ယှက်ပျက်စီးသည့် နွယ်များ၊ ညောင်ပင်များနှင့် ကျွန်းပေါက်သော တောများအားလုံးတွင် ညောင်ပင်များကို ရှင်းလင်းခုတ်လှဲရမည်။

၁၂။ **အုပ်မိုးကာဆိုင်းခုတ်လှဲခြင်း**

ညွှန်ကြားရေးမှူး၏အခြားညွှန်ကြားချက်မရှိလျှင်ကြိုးဝိုင်းအတွင်း ကျွန်းစိုရိုက်မှတ်ခြင်းနှင့် တစ်ပြိုင်နက်တည်း ဆောင်ရွက်ရမည်၊ ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ များနိုင်သလောက်များများ ဆောင်ရွက်ရမည်။လိုက်နာဆောင်ရွက်ရမည့် အချက်များအား ပူးတွဲ(၃)ဖြင့် ဖော်ပြပါမည်။

၁၃။ **ရက်သတ္တပတ် ကျွန်းစိုရိုက်မှတ်စာရင်း ပေးပို့ခြင်း**

ကျွန်းစိုရိုက်မှတ်ခြင်း လုပ်ငန်းတိုးတက်မှုအခြေအနေကို ကျွန်းစိုရိုက်မှတ်အရာရှိသည် ၎င်း၏ ရက်သတ္တပတ်အတွက် နေ့စဉ်မှတ်တမ်းအတူ ၎င်းနေ့အထိ အလုပ်မည်မျှတိုးတက်ပြီးစီးကြောင်း၊ ကျွန်းစိုရိုက်မှတ်စုပါစာရင်းမှ မှတ်ပင်/ ချန်ပင် စာရင်းချုပ်တစ်ခုပူးတွဲပေးရမည်။

စာရင်းချုပ်များတွင် လွန်ခဲ့သောရက်သတ္တပတ်ကုန်အထိ ပြီးစီးခဲ့သော လုပ်ငန်းနှင့်

လက်ရှိရက်သတ္တပတ်လုပ်ငန်းများကို ခွဲခြားဖော်ပြကြရမည်။

၁၄။ **နေ့စဉ်မှတ်တမ်းပေးပို့ခြင်း**

ကျွန်းစိုရိုက်မှတ်ခြင်းအရာရှိသည် နေ့စဉ်မှတ်တမ်းများကို ရက်သတ္တပတ် ကျွန်းစိုရိုက်မှတ်စာရင်းနှင့်အတူ မြို့နယ်ဦးစီးအရာရှိမှ တစ်ဆင့်ခရိုင်သစ်တောဦးစီးဌာနသို့ ပေးပို့ရမည်။ နေ့စဉ် မှတ်တမ်းတွင် အောက်ပါအချက်များကို ဖော်ပြရမည်။

(၁) ကျွန်းစိုပင်ထောင်ရိုက်မှတ်သည့် ကြိုးဝိုင်းအကွက်

(၂) တစ်ပတ်အတွင်းရရှိသည့် မှတ်ပင်/ ချန်ပင်အရေအတွက်

(၃) ပြီးစီးသည့် ခန့်မှန်းဧက

(၄) အကွက်နယ်နိမိတ်မည်မျှပြင်ဆင်ခဲ့ကြောင်း

(၅) နွယ်ဖြတ်/ ညောင်ပတ်လှဲလုပ်ငန်း

(၆) စခန်းပြောင်းရွှေ့ရက်/ အနားယူသည့်ရက်

(၇) ကျွန်းစိုရိုက်မှတ်ခဲ့သည် ရက်ပေါင်း/ တစ်ရက်ပျမ်းမျှရရှိသည့်အပင်ပေါင်း

(၁၅) **အနားယူခြင်း**

အပတ်စဉ် ရက်သတ္တပတ်ပြည့်ပြီး နောက်တစ်ရက်တွင် အလုပ်နား၍ စာရင်းပြုစုခြင်း၊နေ့စဉ်မှတ်တမ်းရေးသားခြင်း၊

(၁၆) **ကျွန်းစိုရိုက်မှတ်ခြင်း လုပ်ငန်းပြီးစီးကြောင်း အစီရင်ခံစာပေးပို့ခြင်း**

ကျွန်းစိုရိုက်မှတ်ခြင်း လုပ်ငန်းပြီးစီးကြောင်း အစီရင်ခံစာကို ရိုက်မှတ်ပြီး အကွက်တစ်ကွက်စီအတွက် သို့မဟုတ် ဧရိယာတစ်ခုစီအတွက် သစ်တောဦးစီးဌာန၏ Pre-Harvesting Inventory အဖြစ် ရေးသားပေးပို့ရမည်။(ကျွန်းစို ရိုက်မှတ်ခြင်း အစီရင်ခံစာကို ပူးတွဲ(၄)ဖြင့်ဖော်ပြထားပါသည်။)

(၁၇) **မြေပုံရေးဆွဲခြင်း**

ကျွန်းစိုရိုက်မှတ်ခြင်းမြေပုံ၊ တောအမျိုးအစားခွဲခြားခြင်းနှင့် ပါဝင်ပင်ပြမြေပုံများကို ၄”= ၁မိုင်စကေးဖြင့် ဖော်ပြရပါမည်။ ကျွန်းစိုရိုက်မှတ်ခြင်းမြေပုံတွင် ကျွန်းပင်ထောင် စမှတ်နှင့်ဆုံးမှတ်များကို မြေပုံညွှန်းအမှတ်များဖြင့် ဖော်ပြရပါမည်။ ကြားထဲရှိမှတ်ပင်များ၏တည်နေရာများကိုလည်း ရနိုင်သရွေ့ဖော်ပြရမည်။ သို့ရာတွင် မြေပုံကြီးတစ်ခုလုံး ရှုပ်ထွေးမနေစေရန် ဂရုပြုရမည်။ ချန်ပင်များတည်နေရာအား မှင်စက်ဖြင့်ဖော်ပြရမည်။ အစက်တစ်စက်လျှင် ၅ ပင် ၁၀ ပင်စသဖြင့် သတ်မှတ်ရမည်ဖြစ်ပြီး နည်းပါကနည်းသလို သတ်မှတ်ရမည်။

(၁၈) **ကျွန်းစိုရိုက်မှတ်ပြီး နှုန်းထားများအရ ငွေပေးချေခြင်း**

ကျွန်းစိုရိုက်မှတ်ချိန်တွင် သတ်မှတ်ထားသော နှုန်းထားများအတိုင်း လုပ်ငန်း

ဆောင်ရွက်မှုအပေါ် တံဆိပ်ခေါင်းကပ်၍ ပေးချေရန် ဖြစ်သည်။

(၁၉) **ကျွန်းစိုရိုက်မှတ်အရာရှိ၏ လုပ်ငန်းတာဝန်များ**

(က) ကျွန်းစိုရိုက်မှတ်ခြင်းအမိန့်ကိုသော်လည်းကောင်း၊ အခြားမရှင်းလင်းသော အချက်များရှိလျှင်လည်းကောင်း အဆင့်ဆင့်မေးမြန်းဆောင်ရွက်ရမည်။

(ခ) ကျွန်းစိုရိုက်မှတ်ခြင်းလုပ်ငန်းများကို ရှင်းလင်းပြသရမည်။

(ဂ) သတ်မှတ်ထားသော ရည်မှန်းချက်အတိုင်း လုပ်ငန်းများ အချိန်မီပြီးစီးရန်နှင့်အစီရင်ခံစာများသတ်မှတ်ချိန် ဆောင်ရွက်ရေးသားပေးပို့နိုင်ရန် ကြီးကြပ်ဆောင်ရွက်ရမည်။

(ဃ) လုပ်ငန်းသုံးငွေစာရင်းများ အားလုံးကို တာဝန်ခံ၍ ပြုစုပေးပို့ရမည်။

(င) ကျွန်းစိုရိုက်အဖွဲ့များ၏ကျန်းမာရေး၊စားဝတ်နေရေး၊ စည်းကမ်းသေဝတ်ရေး စီမံခန့်ခွဲပေးရမည်။

(စ) နေ့စဉ်မှတ်တမ်းများ၊ အပတ်စဉ်ကျွန်းစိုရိုက်မှတ်ခြင်း အစီရင်ခံစာများ၊ အုပ်မိုးကာဆိုင်းခုတ်လှဲခြင်းအစီရင်ခံစာများ၊ အကွက်တစ်ကွက်ချင်းအလိုက် ကျွန်းစိုရိုက်မှတ်ခြင်းပြီးစီးကြောင်း အစီရင်ခံစာများကို ပြည့်စုံစွာရေး သားပြုစုပြီးသက်ဆိုင်ရာ မြို့နယ်ဦးစီးအရာရှိနှင့် လက်ထောက်ညွှန်ကြားရေးမှူးထံ အစီရင်ခံတင်ပြရမည်။ အပတ်စဉ်တိုးတက်မှုအစီရင်ခံစာနှင့် အပြီးသတ် အစီရင်ခံစာတို့ ကိန်းဂဏန်းများကွဲလွဲမှု မရှိစေရေး အထူးသတိပြုစစ်ဆေးရမည်။

(၂၀) **မြို့နယ်ဦးစီးအရာရှိ၏ လုပ်ငန်းတာဝန်များ**

(က) ကျွန်းစိုပင်ထောင်ရိုက်မှတ်အဖွဲ့အတွက်လိုအပ်သော တံဆိပ်တုံး/ ပေကြိုး/ မှတ်စုစာအုပ်/ စာရွက်စာတမ်း၊ မြေပုံမှအစ တောစခန်း၌ အသုံးပြုရန် လိုအပ်သော ဆေးဝါးနှင့် အခြားအသုံးအဆောင်များကို စုဆောင်းဖြန့်ဖြူးပေးရမည်။

(ခ) ရိက္ခာဝယ်ယူရရှိရေး / သယ်ယူပို့ဆောင်ရေး/ ရန်ပုံငွေရရှိရေး

(ဂ) သစ်တောဝန်ထမ်းများနှင့် လုပ်သားများ၏ လုပ်ငန်းခွင် လုံခြုံရေးနှင့် ဆက်သွယ်ရေး စသောကိစ္စရပ်များကို ကူညီဆောင်ရွက်ပေးရမည်။

(ဃ) နေ့စဉ်မှတ်တမ်းများ အပတ်စဉ်တိုးတက်မှုနှင့် အပြီးသတ်အစီရင်ခံစာများ မှန်ကန်ပြည့်စုံမှု ၊ စနစ်တကျဖြည့်သွင်းမှုစိစစ်၍ လက်ထောက်ညွှန်ကြားရေးမှူးထံ အစီရင်ခံတင်ပြရမည်။

အထူးမှတ်ရန်- တံဆိပ်ရိုက်မှတ်ခြင်းကို သစ်တောဝန်ထမ်းကိုယ်တိုင်ဆောင်ရွက်ရမည် မည်သည့်အကြောင်းကြောင့်မျှ သစ်တောဝန်ထမ်းမဟုတ်သည့် အခြားတစ်ဦးဦးအား တံဆိပ်တုံး

အသုံးပြုခွင့်မပေးရ။ ကျွန်းစိုရိုက်မှတ်ခြင်းလုပ်ငန်းအား မြေပြင်ကွင်းဆင်း၍ အမှန်တကယ် ဆောင်ရွက်ခြင်းမပြုဘဲ စာရွက်ပေါ်တွင် ရိုက်မှတ်ခြင်း၊ ညွှန်ကြားချက်မှ သွေဖီဆောင်ရွက်ခြင်းတို့အား တွေ့ရပါက ဌာနဆိုင်ရာအရေးယူခံရမည်ဖြစ်သည်။

( )
လက်ထောက်ညွှန်ကြားရေးမှူး
ခရိုင်သစ်တောဦးစီးဌာန

စာအမှတ်၊
ရက်စွဲ ၊
ဖြန့်ဝေခြင်း-

(၁) ဦးစီးအရာရှိ၊ သစ်တောဦးစီးဌာန၊..............မြို့
(၂) တွဲဘက်ကျွန်းစိုရိုက်မှတ်အရာရှိ။
(၃) တောအုပ်/ တောခေါင်းများ။

မိတ္တူကို-

(၁) ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန။
(၂) ညွှန်ကြားရေးမှူး၊ စီမံကိန်းနှင့် စာရင်းအင်းဌာန၊ သစ်တောဦးစီးဌာန
(၃) ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ ......................တိုင်းဒေသကြီး
(၄)မန်နေဂျာ(သစ်ထုတ်ရေး)၊မြန်မာ့သစ်လုပ်ငန်း၊...........သစ်ထုတ်ရေးဒေသ။
(၅) မျောစာတွဲ၊ ရုံးလက်ခံ။

ပူးတွဲ(၂)

## ချန်ပင်တိုင်းတာခြင်း

(က) နောင်တွင်ရောင်းတန်းဝင်လာနိုင်မည့် ရင်စို့လုံးပတ် ၄ ပေနှင့်အထက် ကျွန်းပင်များအားလုံးကို တိုင်းတာစာရင်းကောက်ယူပြီး မှတ်တမ်းရေးသွင်းရမည်။ အပင်ငယ်လေလေ ယခုရှိနေသော ချို့ယွင်းချက်များ နောင်တွင် ပိုမိုဆိုးဝါး များပြားလာမည်ဖြစ်သဖြင့် နောင်ခုတ်ပတ်နှစ်၃၀ အထိ ကျန်ရှိရန် မသေချာပါက တပါတည်းထုတ်ယူရန် Non – Yield Tree အဖြစ် မှတ်ရိုက်ရမည်။

(ခ) ချန်ပင်စာရင်းသွင်းပြီးသောအပင်များသည် အနာဂတ်တောထွက်၏ တိကျသော ဖော်ပြချက်ဖြစ်သည်၊ ကောက်သောအပင်၊ သစ်ကြောလိမ်သော အပင်များသည် ဖြောင့်တန်းလာနိုင်စွမ်းမရှိသကဲသို့ အမြင့်၌ အခေါင်းပါသော အပင်များသည် ဒိုးယိုပင်များ ဖြစ်လာမည်ဖြစ်သည်၊ ညောင်ရှိသော အပင်ကလေးသည် နောင်တွင် ညောင်ပတ်ပင်များဖြစ်ပြီး သေဆုံးရန်သာ ရှိမည်၊ ပင်ထောင်ရိုက်မှတ်စဉ်လဲကျလု အပင်ကလေးများသည် အရွယ်မရောက်မီ နှောင်နှစ်ပေါင်း(၃၀)မှ (၉၀)မတိုင်မီ ပြိုလှဲပျက်စီးသွားမည်ဖြစ်ပါသည်။

(ဂ) ချန်ပင်စာရင်းရေးသွင်းရန် ရွေးချယ်ပြီးသော အပင်များ အခေါက်ပေါ်တွင် အကာသားပျက်စီးစေခြင်းမရှိစေဘဲ အခေါက်ပေါ်တွင် မှန်ထစ်ငယ်ပြုလုပ်ရမည်၊ ကျွန်းစိုရိုက်မှတ်အရာရှိကဖြစ်စေ၊ ၎င်း၏လက်ထောက်ကဖြစ်စေ အောက်ပါအချက်များကို မှန်ထစ်ပေါ်တွင် ရေးသားရမည်။

(၁) နောက်ဆုံးကျွန်းစိုရိုက်မှတ်ပင်၏အမှတ်စဉ်ပေါ်တွင်မှီ၍ ပေးထားသော အမှတ်စဉ်( ဥပမာ- ၁၂၆/ ၃ )

(၂) အသုံးပြုလိုသော လုံးပတ်အကန့်အသတ်နှင့် သစ်ပင်၏ လုံးပတ် (ဥပမာ- H/ 5’3”)

(၃) လက်မှတ်တိုနှင့် နေ့စွဲ

(ဃ) ချန်ပင်များ(အနာဂတ်တောထွက်)ကို ကျွန်းပင်ထောင်ရိုက်မှတ်စု စာအုပ်တွင် သက်ဆိုင်ရာဇယားကွက်၌ ကျွန်းစိုရိုက်မှတ်ပင် နှစ်ပင်ကြားတွင် ရေးထည့်ရမည်။ ကျွန်းစိုရိုက်မှတ်အမှတ်စဉ်ကြားတွင် အမှတ်စဉ်၊ အသုံးပြုသည့် လုံးပတ်အကန့်အသတ်နှင့် လုံးပတ်တို့ကို အောက်ပါအတိုင်း ရေးသွင်းရမည်။

126

| | | |
|---|---|---|
| (၁) | H | 5’ 6” |
| (၂) | L | 4’ 7” |
| (၃) | H | 5’ 3” |

127

(င) ကျွန်းပင်ပေါက်ရောက်သော တောရှိ နွယ်ပင်များအားလုံးကို ရှင်းလင်းရမည်၊ အော်လဲပင်များ၊ ကိုင်းခြောက်များ အခြားလောင်စာများကို ချုန်ပင်များ(အနာဂတ်တောထွက်ပင်များ)၏ ခြေရင်းမှဝေးရာသို့ ရှင်းလင်းပစ်ရမည်။

ပူးတွဲ(၃)

## ကျွန်းပင်များအတွက် အုပ်မိုးကာဆိုင်း ခုတ်လှဲရာတွင် အလိုက်နာဆောင်ရွက်ရမည့်အချက်များ

(က) ကျွန်းပေါက်သော တောဥ္ဆ နွယ်ရှိသမျှ အားလုံးဖြတ်ရမည်။

(ခ) မည်သည့်ညောင်ပတ်မဆို ရှင်းလင်းပစ်ရမည်။

(ဂ) ရောင်းတန်းမဝင်ကျွန်းပင်များကို အောက်ပါအချက်များကြောင့် ကျွန်းစိုရိုက်မှတ် သို့မဟုတ် ခုတ်လှဲရမည်။

(၁) အခြားကျွန်းပင်များအတွက် အကျိုးဖြစ်ထွန်းစေရမည်။

(၂) အလားအလာရှိသော ကျွန်းပင်ကလေးများအလင်းပွင့်ပြီးကြီးထွားမှု အားကောင်းလာစေရန်

(၃) မြေဩဇာကောင်းသောနေရာများတွင် မျိုးဆက်သစ်များ ပေါက်ဖွားလာစေရန်

(ဃ) အလားအလာရှိသော ကျွန်းပင်လေးများကို ၎င်းတို့အနီးနားရှိ အသုံးမကျသော သစ်ပင်များ ယှဉ်ပြိုင်ခြင်းမှ လွတ်ကင်းအောင် လုပ်ပေးရမည်။ ရင်စို့လုံးပတ် ၄ ပေအောက် တစ်ပင်တည်းအတွက် လုပ်ပေးရန်မဟုတ်ဘဲ ကျွန်းပင်လေးများ စုရုံးပေါက်နေသော နေရာများအတွက် ရှင်းလင်းပေးရမည်။

(င) အပင်ငယ်လေးများ ရှင်သန်မှုကောင်းအောင် ခုတ်လှဲရာတွင် ရွက်အုပ်ဖွံ့ဖြိုးရန်အတွက်သာမက ဘေးပတ်လည်တွင် နေရာများရရန် ဆောင်ရွက်ရမည်။ အမြင့်ဆုံးအခြေအနေမရောက်သေးသည့် အပင်များကို အုပ်မိုးခြင်းမှ လွတ်ကင်းစေရမည်။ အပင်တွင် အင်အားအပြည့်ဆုံးရရှိရန် အရွယ်ရောက်အပင်တစ်ပင်၏ ရွက်အုပ်ပိုင်းသည် အပင်အမြင့်၏ ၅ ပုံ ၂ ပုံဖြစ်သင့်သည်။

(စ) ချန်ပင်စာရင်းကောက်ယူပြီးသော အပင်များပေါ်သို့ ခုတ်လှဲသောအပင်များ မကျစေရန် ဂရုပြုရမည်။ ကျရောက်နိုင်သည့် အခြေအနေရှိပါက ခုတ်လှဲခြင်းမပြုရ။ ကျွန်းပင်လေးတစ်ပင်သည် မတော်တဆ ပျက်စီးသွားပါက ငုတ်တက်ချွန်ပေးခဲ့ရသည်။ လှဲသောအပင်မှ အရွက်အကိုင်းအခက်များ ကျွန်းပင်များ၏ ခြေရင်း၌ မရှိစေရ။

(ဆ) ခုတ်လှဲခဲ့သော ကျွန်းပင်များကို ကျွန်းစိုရိုက်မှတ်အရာရှိ၏ ကိုယ်ကိုင်တံဆိပ်ရိုက်ခဲ့ရမည်။ ၎င်းတို့ကို ကျွန်းစိုအမှတ်စဉ်တွင် ထည့်သွင်းခြင်း၊ ကျွန်းစိုရိုက်မှတ်စုစာအုပ်၌ ဖော်ပြခြင်းမပြုရ။

(ဇ) ဤသို့ခုတ်လှဲခဲ့သော အပင်များသည် ပုံမှန်အားဖြင့် ရောင်းတန်းဝင် နိုင်မည်မဟုတ်သဖြင့် အကြောင်းအရာ အကျဉ်းချုပ်ကဖော်ပြ၍ လုပ်အားခပေးချေရန် အလိုငှာ လုံးပတ်အတန်းအစား ၂ မျိုး ၊ ၃ မျိုး ခွဲခြားဖော်ပြပေးခြင်းဖြင့် လုံလောက်ပါသည်။

(ဈ) သို့ရာတွင် အချို့အပင်များ အထူးသဖြင့် ကျွန်းပင်များသည် အိမ်တိုင်အရွယ်အစားရှိ၍ ရောင်းချနိုင်မည်ဆိုလျှင် လက်ထောက်ညွှန်ကြားရေးမှူးမှတိုင်းတာခြင်း၊ မှတ်ရိုက်ခြင်းနှင့် စာရင်းရေးသွင်းခြင်းအတွက် လိုအပ်သောညွှန်ကြားချက်များ ထုတ်ပြန်ရမည်။

(ည) နေ့စဉ်စာရင်းချုပ်ကို အောက်ပါအတိုင်းပြုလုပ်၍ ကျွန်းစိုရိုက်မှတ်အစီရင်ခံစာကို ဖော်ပြရမည်။

(၁) နွယ်ဖြတ်ခြင်း ဆောင်ရွက်ခဲ့သော ခန့်မှန်းဧရိယာ(ဧက) နှင့် ကုန်ကျစရိတ်

(၂) လုံးပတ်အတန်းအစား (၂)မျိုး၊(၃)မျိုး ခွဲခြား၍ သစ်မျိုးအလိုက် ခုတ်လှဲခဲ့သော အရေအတွက် အုပ်မိုးကာဆိုင်း ခုတ်လှဲခဲ့သော ခန့်မှန်းဧရိယာနှင့် ကုန်ကျစရိတ်

ပူးတွဲ(၄)

## ကျွန်းစိုပင်ထောင်ရိုက်မှတ်ခြင်း လုပ်ငန်းပြီးစီးကြောင်း အစီရင်ခံစာ

(၁) ကြိုုဝိုင်း/ အကွက်နံပါတ်

(၂) အကွက်၏ရေိယာ

(၃) နယ်နိမိတ်- **(နယ်နိမိတ် ဘုတ်တိုင်/ မှန်ထစ်များ ပြင်ဆင်ဆောင်ရွက်ခဲ့မှု အခြေအနေနှင့် မြေကြီးမြေပုံ တိုက်ဆိုင်စစ်ဆေးမှန်ကန်မှု )**

(၄) မြေအမျိုးအစားနှင့်မြေမျက်နှာသွင်ပြင်-**(ခင်တန်းကျောများ/ တောင်ကမ်းများ၊ ချောင်းများစီးဆင်းမှု အခြေအနေ)**

(၅) တောအမျိုးအစားနှင့်သဘာဝပေါက်ပင်-**(တောင်ယာကျူးကျော်မှု/ ကျွန်း၊ အဖိုးတန်အပင်များနှင့် ဝါးပေါက်ရောက်မှု)**

(၆) ဓမ္မတာမျိုးဆက်ခြင်း-**(မျိုးဆက်ခြင်းအခြေအနေ /မီးလောင်ကျွမ်းမှု / စိုက်ခင်းတည်ထောင်သင့်မသင့်)**

(၇) ကျွန်းစိုရိုက်မှတ်ခြင်းနှင့် ချန်ပင်-**(မှတ်ပင်/ချန်ပင်/ စိစစ်ဆောင်ရွက်ခဲ့မှု အပါအဝင်အရေအတွက်)**

(၈) ရောင်းတန်းဝင် အော်လဲနတ်သတ်နှင့်
သစ်လုံးဟောင်းများ- **(အရေအတွက်များ /မများ နှင့် ခန့်မှန်းတန်)**

(၉) ရင်စို့လုံးပတ် ၄ ပေအထက် အနာဂတ်တောထွက်များစာရင်း

| **ရင်စို့လုံးပတ်အတန်းအစား** | **အရေအတွက်** |
|---|---|
| ၄’-၀”-၄’ ၁၁” | |
| ၅’-၀”- ၅’ ၅” | |
| ၅’ ၆”-၅’ ၁၁” | |
| ၆’-၀”- ၆’ ၅” | |
| ၆’ ၆” နှင့်အထက် | |

(၁၀) ကုန်ကျစရိတ် -**(ကျွန်းစိုရိုက်မှတ်ခြင်း/ရိက္ခာသယ်ယူခြင်း/ နွယ်ဖြတ်အုပ်မိုးဆောင်ရွက်ခြင်းစသည်)**

(၁၁) သစ်ထုတ်ယူခြင်း-**(ချောင်းဖြတ်များနှင့် သစ်ထုတ်လမ်းဖောက်လုပ်နိုင်သည့်အခြေအနေ)**

(၁၂) အုပ်မိုးကာဆိုင်းခုတ်လှဲခြင်း - ဆောင်ရွက်ခဲ့မှု

(၁၃) ပင်ကျပ်နှုတ်ခြင်း - ဆောင်ရွက်ခဲ့မှု

(၁၄) အထွေထွေ - **(လက်ရှိတောအခြေအနေ၊ အနာဂတ်အလား အလာ ၊ခြိမ်းခြောက်မှု ၊ အကြံပြုချက်)**

(၁၅) အသုံးပြုသော တံဆိပ်တုံးပုံစံများနှင့် အသုံးပြုသူများ၏ အမည်များ (အစီရင်ခံစာနှင့် ပူးတွဲဖော်ပြ)

(၁၆) ပူးတွဲတင်ပြချက်များ

- ကွန်းစိုမှတ်ပင်/ချန်ပင်ဖော်ပြသည့် ၄"-၁ မိုင်စကေးမြေပုံ
- တောအမျိုးအစားခွဲခြားခြင်း ၄"-၁ မိုင်စကေးမြေပုံ
- ကွန်းစိုရိုက်မှတ်စုစာအုပ်( S-32-(a)နှင့် စာရင်းချုပ်
- အသုံးပြုသော တံဆိပ်ပုံစံများနှင့် အသုံးပြုသူများ

ပူးတွဲ(၅)

## ကျွန်းစိုပင်ထောင်ရိုက်မှတ်သော အရာရှိမှ ပင်ထောင်တံဆိပ်ရိုက်မှတ်သားရန် စာအုပ်ရေးသွင်းရာတွင် လိုက်နာဆောင်ရွက်မည့်နည်းလမ်းများ

(၁) မှတ်ပင်များနှင့်ပတ်သက်၍ စာတိုင်(၁)မှ (၃)ထိ ရေးသွင်းရမည်။

(၂) ချန်ပင်များနှင့်ပတ်သက်၍ စာတိုင် (၄)မှ (၅)တွင် ရေးသွင်းရမည်။

(၃) အကောက်ရိုက်မှတ်သည့် သစ်လုံးများ ဖြည့်သွင်းနိုင်ရန် ပင်ထောင်အမှတ် တစ်ခုနှင့်တစ်ခုကို မျဉ်း(၃)ကြောင်းခြား၍ ရေးရမည်။

(၄) အထူးမှတ်ချက်များကို သီးခြားမျဉ်းကြောင်းသစ်တွင် ရေးသွင်းရမည်။

(၅) စာတိုင်(၃)တွင် ယိုယွင်းချက်များကို အောက်ပါအမှတ်အသားများအတိုင်း အသုံးပြုရမည်-

N = ညောင်ပင်ပတ်။ H = အခေါင်းကြီးရှိသောအပင်။

D = ဒိုးယို၊ BB = အောက်ခြေမီးလောင်

h = အခေါင်းငယ်ရှိသောအပင်။

C = အလွန်ကွေးကောက်သောအပင်။

F = ပါးပျဉ်းနှင့် အဟိုက်အလွန်ကြီးသောအပင်။ Y = ခွပင်။

B = မီးလောင်သောအပင်

(၆) ကျွန်းစိုပင်ထောင်တံဆိပ် ရိုက်မှတ်သားရန် စာအုပ်ကို အကွက်/ ခုတ်ကွက် တစ်ခုချင်းစီအတွက် သီးသန့်အသုံးပြုရမည်။

(၇) ကျွန်းစိုပင်ထောင်ရိုက်မှတ်ခြင်း စာအုပ်တစ်အုပ်စီ၏ မှတ်ပင်၊ ချန်ပင်တို့ကို ခြောက်လက်မလုံးပါတ် အတန်းအစားအလိုက် စာရင်းချုပ်ပြုစု၍ ပင်ထောင်ရိုက်မှတ်သောအရာရှိ၏ လက်မှတ်၊ အမည်၊ ရာထူးတိုးဖြင့် ဖော်ပြရမည်။

(၈) မှတ်ပင်၊ ချန်ပင်စာရင်းများကို တောတွင်းသုံး ကျွန်းစိုပင်ထောင်ရိုက်မှတ်စု

စာအုပ် အကြမ်းမှ ကူးယူဖြည့်သွင်းရမည်။

(၉) ကျွန်းစိုပင်ထောင်ရိုက်မှတ်ရာတွင် အသုံးပြုသည့် စိုလှဲတံဆိပ်ပုံစံနှင့် နံပါတ်စဉ် တံဆပ်တုံးပုံစံများကို မှင်ခံဖြင့် ရိုက်နှိပ်ဖော်ပြရမည်။

(၁၀) ကျွန်းစိုပင်ထောင် ရိုက်မှတ်ထားသော အပင်များ၏ တည်နေရာကို မြေပုံပေါ် တွင် ရနိုင်သရွေ့ ထင်ရှားစွာ ဖော်ပြရမည်။ ပင်ထောင်အမှတ် (၁) (၂၅) (၅၀) (၇၅) စသည်ဖြင့် ပင်ထောင်များ၏ တည်နေရာမြေပုံညွှန်းကို မြေပုံဘေးတွင် ဇယားဖြင့် ဖော်ပြရမည်။ ထို့အတူ ချန်ပင်များ၏ တည်နေရာကိုလည်း သီးခြား မြေပုံဖြင့် ရနိုင်သ၍ ဖော်ပြပေးရမည်။

(၁၁) အကွက်/ ခုတ်ကွက်အတွင်း ပင်ထောင်ရိုက်မှတ်ပြီးသောအခါ မှတ်ပင်/ချန်ပင် များ၏ တည်နေရာပြမြေပုံများကို တံဆိပ်ရိုက်မှတ်ခြင်းစာအုပ်၏ နောက်ဆုံး၌ ကော်ကပ်၍ ထည့်ရမည်။

(၁၂) ကျွန်းစိုပင်ထောင်ရိုက်မှတ်ခြင်း S 32(a) အား စနစ်တကျ ဖြည့်သွင်း၍ ပင်ထောင်ရိုက်မှတ်ခြင်းပြီးသောအခါ ခရိုင်သစ်တောဦးစီးဌာနသို့ ပေးပို့ရမည်။

(၁၃) စာအုပ်အတွင်း ရေးသွင်းရာ၌ ခဲတံဖြင့် ရေးသွင်းခြင်းမပြုရန်။

(၁၄) ကျွန်းစိုပင်ထောင်တံဆိပ်ရိုက်မှတ်သားရန်စာအုပ် စာမျက်နှာတိုင်းတွင် ကျွန်းစို ပင်ထောင်ရိုက်မှတ်အရာရှိမှ လက်မှတ်ကို ရေးထိုးရမည်။

## သစ်မာပင်ထောင်ရိုက်မှတ်ခြင်းလုပ်ထုံးလုပ်နည်းများ

၁။ မြန်မာနိုင်ငံသစ်တောများကို ရေရှည်တည်တံ့စေသည့် သစ်တောအုပ်ချုပ်လုပ်ကိုင်မှု (Sustainable Forest Management – SFM) စနစ်အရ (၁၀)နှစ်အတွက် သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းများရေးဆွဲပြီး သစ်မာပင်ထောင်ရိုက်မှတ်ခြင်းလုပ်ငန်းများကို မြန်မာ့ရွေးချယ်ခြင်းစနစ် (Myanmar Selection System - MMS) ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ သစ်မာပင်ထောင်ရိုက်မှတ်ခြင်းဆိုသည်မှာ သဘာဝတောအတွင်းရှိ ကျွန်းမှတစ်ပါး ကန့်သတ်လုံးပတ်ပြည့်မီသော သစ်မာအမျိုးအစားထုတ်လုပ်ရန်အတွက် တံဆိပ်ရိုက်မှတ်ခြင်းဖြစ်ပါသည်။

၃။ သစ်မာပင်ထောင်ရိုက်မှတ်ခြင်းလုပ်ငန်းသည် ဆောင်ရွက်ခွင့်ပြုထားသော ဧရိယာအတွင်း ကြီးရင့်နေပြီဖြစ်သော အပင်ကြီးများ၊ ကန့်ပတ်လုံးပတ် ပြည့်မီကျော်လွန်နေသော အပင်များ၊ အခြား ထုတ်ယူရန် သင့်လျော်သောအပင်များကို နိုင်ငံတော်ဘဏ္ဍာငွေရရှိရန် ရွေးချယ်ထုတ်လုပ်စေပြီး ကန့်သတ်လုံးပတ်မပြည့်မီသေးသော တိုးပွားလျက်ရှိသည့် နောင်အနာဂတ်တောထွက်ပင်များ၏ စာရင်းကိုပါ ကောက်ယူသိရှိနိုင်ရန် ရည်ရွယ်ပြီး ဆောင်ရွက်ရသော သစ်တောလုပ်ငန်းဖြစ်ပါသည်။

၄။ သစ်မာပင်ထောင်ရိုက်မှတ်ခြင်းလုပ်ငန်းကို အောက်ဖော်ပြပါ လုပ်ငန်းစဉ်များနှင့်အညီ ရိုက်မှတ်ဆောင်ရွက်ရပါမည် -

**လုပ်ငန်းစဉ်(၁) သစ်မာပင်ထောင်ရိုက်မှတ်ရန်စီစဉ်ခြင်း**

(က) သစ်မာပင်ထောင်ရိုက်မှတ်ရန် လျာထားချက်ရရှိသည့်အခါ ပထမဦးစွာ သစ်မာပင်ထောင်လက်ကျန်စာရင်းကို ပြန်လည်စိစစ်၍ နှစ်အတွင်း ခုတ်လှဲထုတ်ယူနိုင်မည့် ကြိုးဝိုင်း/ ကြိုးပြင်၊ ပင်ထောင်အရေအတွက်များကို သတ်မှတ်ထားသော AAC ပမာဏထက် ကျော်လွန်ခြင်းမရှိစေဘဲ မြန်မာ့သစ်လုပ်ငန်းနှင့် နှစ်ဦးနှစ်ဖက် ညှိနှိုင်းရပါမည်။

( ခ ) သစ်မာပင်ထောင် ရိုက်မှတ်ပေးနိုင်သော်လည်း ရိုက်မှတ်ပေးရမည့် ပင်ထောင်အရေအတွက်သည် မိမိခရိုင်၏ သစ်မာ (AAC) နှင့် ကိုက်ညီမှုရှိ/မရှိ နောက်ဆုံးအဆင့်စိစစ်ရပါမည်။ AAC ထက်ကျော်လွန်ပါက ရိုက်မှတ်ပေးရန် ခွင့်မပြုပါ။

( ဂ ) သစ်မာပင်ထောင်ရိုက်မှတ်ရာ၌ လျာထားပင်ထောင်အရေအတွက်မှ ယခင်နှစ်ပင်ထောင်လက်ကျန်ကို ခုနှိမ်၍ ရိုက်မှတ်ပေးရမည်။

(ဃ) ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းအရ ခုတ်ပတ်စေ့ရောက်သည့် ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တော၊ ကြိုးပြင်တော အကွက်အမှတ်/ ခုတ်ကွက်တို့ကို စိစစ်ရွေးချယ်ဆောင်ရွက်ရမည်။

**လုပ်ငန်းစဉ်(၂) ဆောင်ရွက်ရမည့် ဝန်ထမ်းများ တာဝန်ပေးအပ်ခြင်း**

(က) သစ်မာပင်ထောင်ရိုက်မှတ်ခြင်းလုပ်ငန်းကို စနစ်တကျ ဆောင်ရွက်စေရန် တောအုပ်အဆင့်ထက် မနိမ့်သောဝန်ထမ်းအား ပင်ထောင်ရိုက်မှတ်အရာရှိအဖြစ် တာဝန်ပေးအပ်ရမည်။

( ခ ) ခရိုင်သစ်တောအရာရှိ သို့မဟုတ် မြို့နယ်သစ်တောအရာရှိသည် လုပ်နည်းကိုင်နည်းများကို ကောင်းစွာ နားလည်စေရန်နှင့် ကျွမ်းကျင်စွာ လုပ်ဆောင်တတ်စေရန် ရှင်းလင်းခြင်း၊ ကိုယ်တိုင်ကွင်းဆင်းသရုပ်ပြခြင်းတို့ ဆောင်ရွက်ရမည်။

( ဂ ) သစ်မာပင်ထောင်ရိုက်မှတ်သည့်အဖွဲ့တွင် ပင်ထောင်ရိုက်မှတ်တာဝန်ခံ တောအုပ်ကြီး/ တောအုပ်တစ်ဦး၊ တောခေါင်းတစ်ဦး အနည်းဆုံး(၂)ဦး လိုအပ်ပါသည်။

**လုပ်ငန်းစဉ်(၃) သစ်မာပင်ထောင်ရိုက်မှတ်ရန် အမိန့်ထုတ်ပြန်ခြင်း**

သစ်မာပင်ထောင်ရိုက်မှတ်ခြင်း အမိန့်ထုတ်ရာတွင် အောက်ပါအချက်များ ပါဝင်ရမည်။ နမူနာပုံစံအား ပူးတွဲ(၁)ဖြင့် ဖော်ပြပါသည် -

(က) သစ်မာပင်ထောင်ရိုက်မှတ်ရန် အဖွဲ့ ဖွဲ့စည်းခြင်း

( ခ ) ပင်ထောင်ရိုက်မှတ်ရမည့် အရေအတွက်နှင့် တည်နေရာ

( ဂ ) ဆောင်ရွက်ရမည့် ကာလ

(ဃ) ကန့်သတ်ရင်စို့လုံးပတ်

( င ) ပင်ထောင်ရိုက်မှတ်ရမည့်သစ်မာအုပ်စုအလိုက်သစ်မျိုးများ

( စ ) ကွင်းနင်းစစ်ဆေးခြင်း

(ဆ) ပူးတွဲဆောင်ရွက်ရမည့် လုပ်ငန်းများ

( ဇ ) ပင်ထောင်တံဆိပ်ရိုက်မှတ်ခြင်း

( ဈ ) ချန်ပင်စာရင်းကောက်ယူခြင်း

(ည) ခန့်မှန်းတန်တွက်ချက်ခြင်း

( ဋ )	အော်လဲအခြောက်နှင့် သစ်လုံးဟောင်းများ

( ဌ )	နေ့စဉ်မှတ်တမ်းနှင့် လုပ်ငန်းတိုးတက်မှုအစီရင်ခံစာ

( ဍ )	အနားယူခြင်း

( ဎ )	လုပ်ငန်းများအတွက် ငွေပေးချေခြင်း

(ဏ)	လုပ်ငန်းပြီးဆုံးကြောင်းအစီရင်ခံစာ ပေးပို့ခြင်း

(တ)	သစ်မာပင်ထောင်ရိုက်မှတ်အရာရှိ၏ လုပ်ငန်းတာဝန်များ

(ထ)	အထွေထွေ

**လုပ်ငန်းစဉ်(၄)	သစ်မာပင်ထောင်ရိုက်မှတ်ခြင်းမပြုမီ ကြိုတင်ပြင်ဆင်ခြင်း**

သစ်မာပင်ထောင်ရိုက်မှတ်ခြင်းမပြုမီ သစ်မာပင်ထောင်ရိုက်မှတ်အရာရှိသည် အောက်ပါအချက်များကို ကြိုတင်စုဆောင်းရမည် -

(က)	သက်ဆိုင်ရာ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး၏ ပင်ထောင်ရိုက်မှတ်ရန် အမိန့်၊

( ခ )	သစ်မာပင်ထောင်ရိုက်မှတ်ရမည့် ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တော၊ ကြိုးပြင်တောများ၊ အကွက်များ၊ ခုတ်ကွက်ဧရိယာများ၏ ၄ လက်မ = ၁ မိုင်စကေးမြေပုံ၊

( ဂ )	သစ်မာပင်ထောင်တံဆိပ်ရိုက်မှတ်သားရန်စာအုပ်S-32(b) များ၊

(ဃ)	ပင်ထောင်ရိုက်မှတ်တံဆိပ်တုံးနှင့် နံပါတ်စဉ်တုံးတစ်စုံ၊

( င )	လုံးပတ်တိုင်းရန် အိတ်ပါသောပေကြိုး

( စ )	မှန်ထစ်ထစ်ရန်နှင့် သာမန်နွယ်ပင်များဖြတ်ရာ၌ အသုံးပြုရန် ဓါးတစ်ချောင်း၊

(ဆ)	မှန်ထစ်များတွင် ရေးသားရန် တောသုံးခဲတံ၊

( ဇ )	မှတ်ပင် ချန်ပင်များ တာလီမှတ်ရန်မှတ်စုစာအုပ်၊ အကြမ်းပြုစုရန် ဗလာစာအုပ်များ၊ မှင်ခံစက္ကူစသည့် ၊

**လုပ်ငန်းစဉ်(၅)	သစ်မာပင်ထောင်ရိုက်မှတ်ခြင်းလုပ်ငန်းစဉ်အဆင့်ဆင့်**

သစ်မာပင်ထောင် ရိုက်မှတ်ခြင်းလုပ်ငန်းကို အောက်ပါလုပ်ငန်းအဆင့်ဆင့်အတိုင်း ဆောင်ရွက်ရမည် -

(က) သက်ဆိုင်ရာ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး၏ ပင်ထောင်ရိုက်မှတ်အမိန့်ကိုနားလည်သဘောပေါက်အောင် ဖတ်ရှု၍ အောက်ပါအချက်များ မှတ်သားထားရမည် -

(၁) သစ်မျိုးအလိုက် ကန့်သတ်ရင်စို့လုံးပတ် အတန်းအစား (Girth Limit)

(၂) ပင်ထောင်ရိုက်ရမည့် အရေအတွက်

(ခ) ပင်ထောင်ရိုက်မှတ်မည့် အကွက်နယ်နိမိတ်(Boundary) ကို မြေပုံအတိုင်း မှန်ကန်မှုရှိ/မရှိ စစ်ဆေးရမည်။ အကွက်နယ်နိမိတ်မှားယွင်းမှုမရှိစေရန် အကွက်နယ်နိမိတ်ကို SOP နှင့် အညီ ပြင်ဆင်ရမည်။

(ဂ) မှတ်စုစာအုပ်တွင် သစ်မာပင်ထောင်ရိုက်မှတ်ရမည့် အကွက်၏ ၄ လက်မ = ၁ မိုင်စကေး မြေပုံကပ်ထားရမည်။

(ဃ) ပင်ထောင်ရိုက်မှတ်ရမည့်နေရာ (Starting Point) ကို ရှာဖွေ၍ မြေပုံ၌ ပြသထားရမည်။

(င) ပင်ထောင်များကို ခင်ကျော်ချောင်းဖြတ်မပြုအပ် ဆိုသောဆောင်ပုဒ်နှင့် အညီ ရေဝေရေလဲအတိုင်း ၊ ကွန်တိုတိုင်းကွင်းနင်း၍ ဆောင်ရွက်ရမည်။ (ကျွန်းစိုပင်ထောင်ရိုက်မှတ်ခြင်းတွင် ကြည့်)

(စ) ရောင်းတန်းဝင်သစ်တစ်လုံးရပြီး ကန့်သတ်လုံးပတ်မှီသည့် သစ်အားလုံးကို တံဆိပ်ရိုက်မှတ်ရမည်။

(ဆ) ကန့်သတ်လုံးပတ်မပြည့်မှီသော်လည်း ပျက်စီးယိုယွင်း မည့် လက္ခဏာများ တွေ့လျှင်ဖြစ်စေ၊ ၎င်းအပင်ထက် ကောင်းမွန်သောအပင်များကို အနှောင့်အယှက်ပေးနေလျှင်ဖြစ်စေ ရောင်းတန်းဝင်သစ်ရနိုင်ပါက တံဆိပ်ရိုက်မှတ်ရမည်။

(ဇ) မျိုးချန်ပင်အဖြစ်လိုအပ်လျှင် သတ်မှတ်လုံးပတ်ထက်ကြီးသော်လည်း လုံးပတ် ၈ ပေထက်မကြီးသောအပင်များကို တံဆိပ်မရိုက်ဘဲ ချန်ထားခဲ့နိုင်သည်။ မျိုးပင်လိုအပ်ချက်ရှိပါက လုံးပတ် ၈ ပေထက် ကျော်လွန်နေသောအပင်များကို ချွင်းချက်အဖြစ် ချန်ထားနိုင်သည်။ မျိုးပင်၏ တည်နေ

ရာအား လုပ်ငန်းပြီးဆုံးကြောင်းအစီရင်ခံစာနှင့် ပင်ထောင်မှတ်စုတွင် ခန့်မှန်းမြေပုံညွှန်းနှင့် တကွ ဖော်ပြရမည်။

( ဈ ) အကယ်၍ သစ်မာပင်တစ်ပင်ကို ပင်ထောင်ရိုက်ပြီး လှဲသောအခါ ၎င်းထက်ပို၍ အဖိုးတန်သော အနီးအနားရှိ အပင်များကို တိုက်ရိုက်ပျက်စီးစေလိမ့်မည်ဟု ယူဆရန် အကြောင်းရှိလျှင် တံဆိပ်မရိုက်ရ သို့မဟုတ် ပျက်စီးစေမည့် အခြားအပင်များကိုပါ ကန့်သတ်လုံးပတ်မမှီသော်လည်း တံဆိပ်ရိုက်ရမည်။ (သစ်တောတည်ထောင်ခြင်း ရည်ရွယ်ချက်များနှင့်အညီ စဉ်းစား၍ ထိုက်သင့်သလို ဆောင်ရွက်ရမည်။)

(ည) ကြိုးဝိုင်းအတွင်း အကွက်တစ်ကွက်ခြင်းအတွက် နံပါတ်စဉ်တစ်ဆက်တည်း တံဆိပ်ရိုက်မှတ်ရမည်။ အကွက်မခွဲရသေးသော တောဖြစ်လျှင် တောင်စွန်းအထင်အရှား သတ်မှတ်သည့် နယ်နိမိတ်ရှိသော တစ်ကွက်စီအတွက် နံပါတ်စဉ်တစ်ဆက်တည်း ရိုက်မှတ်ရမည်။ ကြိုးပြင်တောဧရိယာမှာ ကျယ်ဝန်းသဖြင့် မြန်မာ့သစ်လုပ်ငန်းမှ သစ်ထုတ်လုပ်ငန်းဆောင်ရွက်လိုသည့် ဧရိယာနယ်နိမိတ်ကို ပြသစေပြီး နယ်နိမိတ်သတ်မှတ်၍ ၎င်းဧရိယာအတွင်း စနစ်တကျ ပင်ထောင်ရိုက်မှတ်ပေးရမည်။

( ဋ ) သတ်မှတ်ပင်ထောင်ပြည့်မှီလျှင် ပင်ထောင်ရိုက်မှတ်ခြင်းကို ရပ်ဆိုင်းရမည်။ အကွက်မပိတ်မီ သတ်မှတ် ပင်ထောင်ပြည့်သွားပါက ဧရိယာကျန်ကို ချင့်ချိန်ပြီး ဧရိယာကျန်များနေပါက အကွက်ငယ် A အဖြစ် အကွက်ပိတ်ရန်ဖြစ်သည်။ နောင်လာမည့်နှစ်တွင် အကွက်ငယ် B အဖြစ် ဆက်လက်ပင်ထောင်ရိုက်မှတ်ပေးရမည် ဖြစ်ပါသည်။ ဧရိယာကျန်နည်းနေပါက အကွက်ပိတ်သည်အထိ ဆက်လက်ပင်ထောင်ရိုက်မှတ်ပေးရမည်။

( ဌ ) မြေစောင်း(တောင်စောင်း)ရှိ အပင်များကို တိုင်းတာပါက အမြင့်ဘက်မှ တိုင်းရမည်။

( ဍ ) တိုင်းကွင်း (တိုင်းတာသည့် ရင်စို့ ၄' ၆" အမြင့်နေရာ) တွင် ဘုရှိလျှင် ဘုလွတ်ရာ အထက်အောက်ညီမျှသော အကွာအဝေးမှ နှစ်ခါတိုင်းပြီး ပျမ်းမျှယူရမည်။

( ဎ ) ပါးပျဉ်း၊ ပါးဘောင်ရှိသော အပင်များကို ၎င်းတို့အထက်မှ တိုင်းတာပြီးရသော လုံးပတ်နှင့် ဖြစ်သင့်သော လုံးပတ်ကို ဖော်ပြရမည်။

(ဏ) ရင်စို့အမြင့် ၄' ၆" နေရာအောက် ခွသောအပင်များကို နှစ်ပင်ဟု သတ်မှတ်၍ ၎င်းအပင်များကို ပင်ထောင်ရိုက်မှတ်စုစာအုပ်တွင် မှတ်ချက်ဖြင့် ဖော်ပြရမည်။

(တ) မှတ်ပင်အဖြစ် ရွေးချယ်ထားသော အပင်တိုင်းတွင် အပေါ်မှန်ထစ်နှင့် အောက်မှန်ထစ်များပြုလုပ်ရမည်။

(ထ) အပေါ်မှန်ထစ်ကို အလွယ်တကူမြင်နိုင်ရန် တောင်ကြောဘက်သို့ မျက်နှာမူ၍ ထစ်ရမည်။

( ဒ ) ငုတ်ရင်း၌ တံဆိပ်ကျန်ရှိစေရန် အောက်မှန်ထစ်အပေါ်မှ သစ်ပင်ခုတ်လှဲရမည်ဖြစ်၍ သစ်ဆုံးရှုံးမှုမရှိစေရန် အောက်မှန်ထစ်ကို မြေနိမ့်ရာဘက် မြေကြီးနှင့် နီးကပ်နိုင်သမျှ နီးကပ်စေပြီး တည့်မတ်စွာထစ်ရမည်။

( ဓ ) မှန်ထစ်များပေါ်တွင် အောက်ပါအတိုင်း တံဆိပ်ရိုက်မှတ်ရမည် -

( ၁ ) မှတ်ပင်နံပါတ်စဉ် နှစ်တန်း

( ၂ ) သစ်မျိုးအုပ်စုအမှတ်/ သစ်မျိုးအမှတ်

( ၃ ) မှန်ထစ်၏ ထိပ်တွင် မှတ်တံဆိပ်တစ်ခု ၊ အောက်ထောင့်(၂)ဘက်နေရာတွင် မှတ်တံဆိပ်တစ်ခုစီတို့ကို ဖိုခနောက်ဆိုင်ထင်ရှားစွာ ရိုက်မှတ်ရမည်။



( န ) သစ်မာအုပ်စုများအား ပူးတွဲ(၂)ဖြင့်လည်းကောင်း၊ သစ်မျိုးအမှတ်စဉ်များအား ပူးတွဲ(၃)ဖြင့်လည်းကောင်း ဖော်ပြထားသည်။

( ပ ) ပင်ထောင်ရိုက်မှတ်စာရင်းရေးသွင်းရာတွင် ရုံးမှထုတ်ပေးထားသော သစ်မာပင်ထောင်တံဆိပ် ရိုက်မှတ်သားရန်စာအုပ် S 32(b)တွင် တိုက်ရိုက်ရေးသားခြင်းမပြုဘဲ မှတ်စုစာအုပ်အကြမ်းဖြင့် တောတွင်း၌ မှတ်သား၍ S 32(b) တွင် ကူးယူရေးသွင်းပါက အမှားနည်း၍ သပ်ရပ်မှုပိုမိုရရှိနိုင်သည်။ သစ်မာပင်ထောင်တံဆိပ်ရိုက်မှတ်သားရန်စာအုပ်ရေးသွင်းရာတွင် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများအား ပူးတွဲ(၄)ဖြင့် ဖော်ပြထားသည်။

( နှ ) သစ်မာပင်ထောင်ရိုက်မှတ်ခြင်းလုပ်ငန်းပြီးစီးကြောင်း အစီရင်ခံစာအား သစ်တောဦးစီးဌာန၏ Pre-Harvesting Inventory အဖြစ် မှတ်ယူရမည်။

လုပ်ငန်းစဉ်(၆) **သစ်မာပင်ထောင်ရိုက်မှတ်ပြီးနောက် စစ်ဆေးခြင်း**

သစ်မာပင်ထောင်ရိုက်မှတ်ခြင်းလုပ်ငန်း ပြီးဆုံးပါက ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးသည် သစ်မာရိုက်မှတ်ပင်ထောင်အရေအတွက်၏ ၁၀% ၊ မြို့နယ်ဦးစီးအရာရှိသည် သစ်မာရိုက်မှတ်ပင်ထောင်အရေအတွက်၏ ၂၀% ကို ကိုယ်တိုင်ကွင်းဆင်းစစ်ဆေးရမည်။ ကွင်းဆင်းစစ်ဆေးရာတွင် အောက်ပါအချက်များကို စနစ်တကျဆောင်ရွက်ခဲ့ခြင်းရှိမရှိ စစ်ဆေးရမည် -

(က) သစ်မာပင်ထောင်ရိုက်မှတ်ခြင်း လုပ်ငန်းပြီးစီးကြောင်း အစီရင်ခံစာတစ်ပါတည်း ယူဆောင်ရမည်။

( ခ ) ကြိုးဝိုင်း/ အကွက်နယ်နိမိတ်ပြင်ဆင်ခြင်းလုပ်ငန်းများ

( ဂ ) ရေဝေရေလဲ(Contour) အလိုက် စနစ်တကျ သစ်မာရိုက်မှတ်ခြင်း/ ချန်ပင် စာရင်းကောက်ယူခြင်း ဆောင်ရွက်ခဲ့မှုရှိ/မရှိ

(ဃ) နွယ်ဖြတ်ညောင်ပင်လှဲ၊ အုပ်မိုးကာဆိုင်းလုပ်ငန်းများ ဆောင်ရွက်မှု

( င ) သစ်မာပင်ထောင်ရိုက်မှတ်ပင်များ အောက်ခြေရှင်းလင်းခြင်း

( စ ) လုံးပတ်တိုင်းတာခြင်းနှင့် တံဆိပ်ရိုက်မှတ်ခြင်း

(ဆ) မျိုးဆက်ခြင်းလုပ်ငန်းများ ဆောင်ရွက်မှု

လုပ်ငန်းစဉ်(၇) **မြန်မာ့သစ်လုပ်ငန်းသို့ လွှဲပြောင်းပေးအပ်ခြင်း**

သက်ဆိုင်ရာ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးသည် သစ်မာပင်ထောင်ရိုက်မှတ်ခြင်းလုပ်ငန်းပြီးစီးကြောင်း အစီရင်ခံစာတင်ပြလာပါက သစ်ထုတ်လုပ်ငန်း ဆက်လက်ဆောင်ရွက်နိုင်ရန် ပင်ထောင်ရိုက်မှတ်စုစာအုပ်နှင့်အတူ မြန်မာ့သစ်လုပ်ငန်းသို့ ပေးပို့ရမည်။

ပူးတွဲ-၁

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**သစ်တောဦးစီးဌာန**

**…………………ခရိုင် ၊ …………………မြို့နယ်**

**သစ်မာပင်ထောင်ရိုက်မှတ်ခြင်းလုပ်ငန်းခွင့်ပြုမိန့်အမှတ်၊ ………/ ၂၀……**

**ရက်စွဲ။ ၂၀…..ခုနှစ် ၊ ………………..လ ၊ …….ရက်**

၁။ ၂၀…. - ၂၀…. ဘဏ္ဍာရေးနှစ်တွင် ……………….ခရိုင် ၊ ………………..မြို့နယ် သစ်တောဦးစီးဌာနတွင် သစ်မာပင်ထောင်ရိုက်မှတ်ခြင်းလုပ်ငန်းဆောင်ရွက်ရန် အောက်ပါအတိုင်း အမိန့်ထုတ်ပြန်လိုက်သည် -

၂။ **သစ်မာပင်ထောင်ရိုက်မှတ်ရမည့်အဖွဲ့**

(က) တောအုပ်ကြီး/တောအုပ် သစ်မာပင်ထောင်ရိုက်တာဝန်ခံ

( ခ ) တောခေါင်း အဖွဲ့ဝင်

၃။ **သစ်မာပင်ထောင်ရိုက်မှတ်ပေးရမည့် အရေအတွက်နှင့် တည်နေရာ**

…………ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော အကွက်အမှတ်(…….) အတွင်းမှ သစ်မာပင်ထောင် (………)ပင်အား သစ်မာပင်ထောင်ရိုက်မှတ်ပေးရမည်။

၄။ **ဆောင်ရွက်ရမည့်ကာလ**

သစ်မာပင်ထောင်ရိုက်မှတ်ခြင်းလုပ်ငန်းကို ………ခုနှစ်၊ …………………လ၊ …..ရက်နေ့မှစ၍ ကွင်းဝင်ဆောင်ရွက်ရန်ဖြစ်သည်။

၅။ **ကန့်သတ်ရင်စို့လုံးပတ်**

| | | |
|---|---|---|
| ကညင်၊ သဃ်န်း၊ နှော | - ၇ ပေ | (ဒေသတစ်ခုနှင့် တစ်ခု ရင်စို့လုံးပတ် ကန့်သတ်ချက် ကွဲလွဲမှုရှိနိုင်ပါသည်။) |
| ပျဉ်းကတိုး၊ အင်ကြင်း၊ သစ်ယာ | - ၆ ပေ | |
| အင်၊ ယမနေ | | |
| အခြား | - ၆ ပေ | |

၆။ **ပင်ထောင်ရိုက်မှတ်ပေးရမည့်သစ်မာအုပ်စုအလိုက် သစ်မျိုးများ**

သစ်မာအုပ်စုအလိုက် သစ်မျိုးစာရင်းအား ပူးတွဲ(၂)ဖြင့် ဖော်ပြထားပြီး မြန်မာ့သစ်လုပ်ငန်းမှ မယူလိုသည့် သစ်မျိုးစာရင်းမှာ အခါအားလျော်စွာပြောင်းလဲသတ်မှတ်တတ်သဖြင့် ပင်ထောင်ရိုက်မှတ်ချိန်စာရင်းအား ပူးတွဲပေးရန်ဖြစ်ပါသည်။

၇။ **ကွင်းနင်းစစ်ဆေးခြင်း**

သစ်မာပင်ထောင်ရိုက်တာဝန်ခံသည် ပင်ထောင်ရိုက်လုပ်ငန်းမစတင်မီ မိမိဆောင်ရွက်ရမည့် အကွက်ရေိယာမှန်ကန်မှုရှိ/မရှိ မြေပုံနှင့် တိုက်ဆိုင်စစ်ဆေးခြင်း၊ ရေဝေရေလဲအခြေအနေနှင့် နယ်နိမိတ်အမှတ်အသားများကို ကွင်းနင်းစစ်ဆေးပြီး နယ်နိမိတ်ပြင်ဆင်ခြင်းလုပ်ငန်းများ ကို SOP နှင့်အညီ စနစ်တကျဆောင်ရွက်ရမည်။

၈။ **ပူးတွဲဆောင်ရွက်ရမည့် လုပ်ငန်းများ**

အကွက်နယ်နိမိတ်ပြင်ဆင်ခြင်း၊ နွယ်ဖြတ်ညောင်ပတ်လှဲခြင်း၊ အုပ်မိုးကာဆိုင်းခုတ်လှဲခြင်းလုပ်ငန်းများအပြင် လိုအပ်ပါက ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ခြင်းလုပ်ငန်းကိုလည်း တွဲဖက်ဆောင်ရွက်နိုင်သည်။ အဆိုပါလုပ်ငန်းများအား SOP များနှင့်အညီ ဆောင်ရွက်ပြီးပါက လုပ်ငန်းပြီးဆုံးကြောင်းအစီရင်ခံစာကို သီးခြားပြုစုပေးပို့ရမည်။

၉။ **ပင်ထောင်တံဆိပ်ရိုက်မှတ်ခြင်း**

ကန့်သတ်ရင်စို့လုံးပတ်ပြည့်မှီသော သစ်မာပင်အားလုံးကို ရွေးချယ်ရိုက်မှတ်ရမည်။ သစ်မာပင်ထောင်ရိုက်မှတ်ခြင်း လုပ်ထုံးလုပ်နည်းပါ လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် အညီ ဆောင်ရွက်ရမည်။

၁၀။ **ချန်ပင်စာရင်းကောက်ယူခြင်း**

(က) ပင်ထောင်ရိုက်မှတ်ရမည့်စာရင်းတွင်ပါဝင်သော သစ်မျိုးအားလုံး၏ ကန့်သတ်ရင်စို့လုံးပတ်အောက် တစ်ပေအတွင်းရှိ အပင်အားလုံးကို ချန်ပင်အဖြစ် စာရင်းကောက်ယူ၍ ပင်ထောင်ရိုက်မှတ်စုစာအုပ်တွင် ရေးသွင်းဖော်ပြရန်။

( ခ ) ချန်ပင်အတွက် တိုင်းကွင်းအောက်တွင် မှန်ထစ်ငယ်ပြုလုပ်ပြီး အောက်ပါအတိုင်း ရေးသွင်းရန် -

( ၁ ) နောက်ဆုံးမှတ်ပင်ကိုအမှီပြု၍ ချန်ပင်အရေအတွက်အလိုက် အမှတ်စဉ်ပေးရန်၊

( ၂ ) ချန်ပင်၏ သစ်မျိုးအမှတ်

( ၃ ) ချန်ပင်၏ လုံးပတ်



၁၁။ **ခန့်မှန်းတွက်ချက်ခြင်း**

မှတ်ပင်(၁)ပင်ချင်းအလိုက် ခန့်မှန်းတွက်ချက်ရပါသည်။ ပင်ထောင်မှတ်စုစာအုပ်တွင် တစ်ပင်ချင်း၏ ခန့်မှန်းတန်ကို အောက်ပါဇယားကို အခြေပြု၍ တွက်ချက်ထည့်သွင်း ဖော်ပြရမည် -

| ရင်စို့အမြင့်လုံးပတ် | ခန့်မှန်းတန် |
|---|---|
| ၄' ၀" မှ ၄' ၅" | ၀.၅၀ |
| ၄' ၆" မှ ၄' ၁၁" | ၀.၆၀ |
| ၅' ၀" မှ ၅' ၁၁" | ၀.၉၀ |
| ၆' ၀" မှ ၆' ၁၁" | ၁.၅၀ |
| ၇' ၀" မှ ၇' ၁၁" | ၂.၀၀ |
| ၈' ၀" မှ ၈' ၁၁" | ၂.၅၅ |
| ၉' ၀" မှ ၉' ၁၁" | ၃.၀၀ |

၁၂။ **အော်လဲအခြောက်နှင့် သစ်လုံးဟောင်းများ**

(က) ရောင်းတန်းဝင်အော်လဲနတ်သတ်ပင်များကို နံပါတ်စဉ်မပေးရ။

( ခ ) ရောင်းတန်းဝင်သစ်လုံး အတိုင်းအတာ လုံးပတ်နှင့် အလျားတို့ကို သစ်လုံးအမည်နှင့် တကွ မှတ်စုစာအုပ်တွင် မှင်နီဖြင့် ရေးသွင်းရမည်။

( ဂ ) ရေးသွင်းရာ၌ အနီးကပ်ဆုံး မှတ်ပင်နံပါတ်၏ ရှေ့တွင် သုညခံ၍ ၎င်းအမှတ်စဉ်ကို ရေးသွင်းရမည်။ ဥပမာ - ၀/၂

၁၃။ **နေ့စဉ်မှတ်တမ်းနှင့် လုပ်ငန်းတိုးတက်မှုအစီရင်ခံစာ**

သစ်မာရိုက်မှတ်ခြင်းအရာရှိသည် နေ့စဉ်မှတ်တမ်းများကို ရက်သတ္တပတ် သစ်မာရိုက်မှတ်စာရင်းနှင့်အတူ မြို့နယ်ဦးစီးအရာရှိမှတစ်ဆင့် ခရိုင်သစ်တောဦးစီးဌာနသို့ ပေးပို့ရမည်။ နေ့စဉ်မှတ်တမ်းတွင် တစ်ဖက်ပါအချက်များကို ဖော်ပြရမည် -

(က) သစ်မာပင်ထောင်ရိုက်မှတ်သည့် ကြိုးဝိုင်းအကွက်

( ခ ) တစ်ပတ်အတွင်းရရှိသည့် မှတ်ပင်/ ချန်ပင်အရေအတွက်

( ဂ ) ပြီးစီးသည့် ခန့်မှန်းဧက

(ဃ) အကွက်နယ်နိမိတ်မည်မျှပြင်ဆင်ခဲ့ကြောင်း

( င ) နွယ်ဖြတ်/ ညောင်ပတ်လှဲလုပ်ငန်း

( စ ) စခန်းပြောင်းရွှေ့ရက်/ အနားယူသည့်ရက်

(ဆ) သစ်မာပင်ထောင်ရိုက်မှတ်ခဲ့သည် ရက်ပေါင်း/ တစ်ရက်ပျမ်းမျှရရှိသည့် အပင်ပေါင်း

၁၄။ **လုပ်သားများအတွက် ငွေပေးချေခြင်း**

သစ်မာပင်ထောင်ရိုက်မှတ်ချိန်တွင် သတ်မှတ်ထားသောနှုန်းထားများအတိုင်း လုပ်ငန်းဆောင်ရွက်မှုအပေါ် တံဆိပ်ခေါင်းကပ်၍ ပေးချေရန် ဖြစ်သည်။

၁၅။ **လုပ်ငန်းပြီးစီးကြောင်းအစီရင်ခံစာ ရေးသားပေးပို့ခြင်း**

သစ်မာပင်ထောင်ရိုက်မှတ်ခြင်းလုပ်ငန်းပြီးစီးကြောင်းအစီရင်ခံစာကို ရိုက်မှတ်ပြီးအကွက်တစ်ကွက်စီအတွက် သို့မဟုတ် ဧရိယာတစ်ခုစီအတွက် သစ်တောဦးစီးဌာန၏ Pre-Harvesting Inventory အဖြစ် ရေးသားပေးပို့ရမည်။ (သစ်မာပင်ထောင်ရိုက်မှတ်ခြင်းအစီရင်ခံစာကို ပူးတွဲ (၅) ဖြင့် ဖော်ပြထားပါသည်။)

၁၆။ **သစ်မာပင်ထောင်ရိုက်မှတ်အရာရှိ၏ လုပ်ငန်းတာဝန်များ**

(က) သစ်မာပင်ထောင်ရိုက်မှတ်ခြင်းအမိန့်ကိုသော်လည်းကောင်း၊ အခြားမရှင်းလင်းသောအချက်များ ရှိလျှင်လည်းကောင်း အဆင့်ဆင့်မေးမြန်းဆောင်ရွက်ရမည်။

( ခ ) သစ်မာပင်ထောင်ရိုက်မှတ်ခြင်းလုပ်ငန်းများကို ရှင်းလင်းပြသရမည်။

( ဂ ) သတ်မှတ်ထားသော ရည်မှန်းချက်အတိုင်း လုပ်ငန်းများအချိန်မီပြီးစီးရန်နှင့် အစီရင်ခံစာများသတ်မှတ်ချိန် ဆောင်ရွက်ရေးသားပေးပို့နိုင်ရန် ကြီးကြပ်ဆောင်ရွက်ရမည်။

(ဃ) လုပ်ငန်းသုံးငွေစာရင်းများ အားလုံးကို တာဝန်ခံ၍ ပြုစုပေးပို့ရမည်။

( င ) သစ်မာပင်ထောင်ရိုက်အဖွဲ့များ၏ ကျန်းမာရေး၊ စားဝတ်နေရေး၊ စည်းကမ်းသေဝတ်ရေး စီမံခန့်ခွဲပေးရမည်။

( စ ) နေ့စဉ်မှတ်တမ်းများ၊ အပတ်စဉ်သစ်မာပင်ထောင်ရိုက်မှတ်ခြင်း အစီရင်ခံစာများ၊ အုပ်မိုးကာဆိုင်းခုတ်လှဲခြင်းအစီရင်ခံစာများ၊ အကွက်တစ်ကွက်ချင်းအလိုက် သစ်မာပင်ထောင်ရိုက်မှတ်ခြင်းပြီးစီးကြောင်း အစီရင်ခံစာများကို ပြည့်စုံစွာရေးသား ပြုစုပြီးသက်ဆိုင်ရာမြို့နယ်ဦးစီးအရာရှိနှင့် လက်ထောက်ညွှန်ကြားရေးမှူးထံ အစီရင်ခံတင်ပြရမည်။ အပတ်စဉ်တိုးတက်မှု အစီရင်ခံစာနှင့် အပြီးသတ်အစီရင်ခံစာတို့ ကိန်းဂဏန်းများ ကွဲလွဲမှုမရှိစေရေး အထူးသတိပြု စစ်ဆေးရမည်။

၁၇။ **အထွေထွေ**

တံဆိပ်ရိုက်မှတ်ခြင်းကို သစ်တောဝန်ထမ်းကိုယ်တိုင်ဆောင်ရွက်ရမည် မည်သည့်အကြောင်းကြောင့်မျှ သစ်တောဝန်ထမ်းမဟုတ်သည့် အခြားတစ်ဦးဦးအား တံဆိပ်တုံး အသုံးပြုခွင့်မပေးရ။ သစ်မာပင်ထောင်ရိုက်မှတ်ခြင်းလုပ်ငန်းအား မြေပြင်ကွင်းဆင်း၍ အမှန်တကယ်ဆောင်ရွက်ခြင်းမပြုဘဲ စာရွက်ပေါ်တွင် ရိုက်မှတ်ခြင်း၊ ညွှန်ကြားချက်မှ သွေဖီဆောင်ရွက်ခြင်းတို့အား တွေ့ရပါက ဌာနဆိုင်ရာအရေးယူခံရမည်ဖြစ်သည်။

(                    )

လက်ထောက်ညွှန်ကြားရေးမှူး

ခရိုင်သစ်တောဦးစီးဌာန

စာအမှတ်။

ရက် စွဲ    ။

ဖြန့်ဝေခြင်း-

(၁) ဦးစီးအရာရှိ၊ သစ်တောဦးစီးဌာန၊..............မြို့

(၂) သစ်မာပင်ထောင်ရိုက်မှတ်အရာရှိ။

(၃) တောအုပ်/ တောခေါင်းများ။

မိတ္တူကို -

(၁) ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန။

(၂) ညွှန်ကြားရေးမှူး၊ စီမံကိန်းနှင့် စာရင်းအင်းဌာန၊ သစ်တောဦးစီးဌာန

(၃) ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ ......................တိုင်းဒေသကြီး

(၄)မန်နေဂျာ(သစ်ထုတ်ရေး)၊မြန်မာ့သစ်လုပ်ငန်း၊...........သစ်ထုတ်ရေးဒေသ။

(၅) မျှောစာတွဲ၊ ရုံးလက်ခံ။

ပူးတွဲ-၂

**သစ်မာအုပ်စုများ**

| အမှတ်စဉ် | သစ်မျိုးအမည် |
|---|---|
| | **အုပ်စု(၁)** |
| ၁ | ပျဉ်းကတိုး |
| ၂ | ပိတောက် |
| ၃ | သက်န်း(သက်န်းနက်) |
| ၄ | သစ်ယာ |
| ၅ | အင်ကြင်း |
| ၆ | တမလန်း |
| | **အုပ်စု(၂)** |
| ၁ | ကညင် |
| ၂ | ကရဝေး |
| ၃ | ကရှစ်(သစ်ခါး) |
| ၄ | ကုက္ကိုလ် |
| ၅ | ကျန |
| ၆ | စကားဝါ(စကား) |
| ၇ | စစ် |
| ၈ | တောင်တမာ |
| ၉ | ထင်းရှူး |
| ၁၀ | နှော |
| ၁၁ | ပင်လယ်ကနစို(ကနစို) |
| ၁၂ | ဘင်္ဂ |
| ၁၃ | မန်ကျည်းပွေး |
| ၁၄ | မှန်သင်း |
| ၁၆ | ယမနေ |
| ၁၇ | ယင်းတိုက် |
| ၁၈ | သဒီ |
| ၁၉ | သင်းဝင် |
| ၂၀ | သစ်ကတိုး |
| ၂၁ | သစ်ကရား |
| ၂၂ | သစ်စေး |
| ၂၃ | သစ်မန်ကျည်း |
| ၂၄ | သစ်ရှို |
| ၂၅ | အနန်း |
| ၂၆ | အင် |
| | **အုပ်စု(၃)** |
| ၁ | ကံ့ကော် |
| ၂ | ကညောင် |
| ၃ | ကောင်းမှူ |
| ၄ | ကြေးလံ |
| ၅ | ညံ |
| ၆ | စန္ဒဝါ |
| ၇ | တလိုင်းခေါင်း |
| ၈ | တောင်ပိန္နဲ |
| ၉ | တောသရက် |
| ၁၀ | တောင်သရက် |

| အမှတ်စဉ် | သစ်မျိုးအမည် |
|---|---|
| ၁၅ | ယင်းမာ |
| ၁၂ | ရုံး |
| ၁၃ | သပြေ |
| ၁၄ | သက်ဒ္ဒူ |
| ၁၅ | အောက်ချင်းစာနီ |
| ၁၆ | ပိန္နဲဖို |
| ၁၇ | ပျဉ်းမ |
| ၁၈ | ဖန်ခါး |
| ၁၉ | မဏိသြဂ |
| ၂၀ | ရင်ခတ် |
| ၂၂ | သရဖီ |
| ၂၃ | သစ်ချ |
| ၂၄ | သစ်အယ် |
| | **အုပ်စု(၄)** |
| ၁ | ကုတ်ဟဲ |
| ၂ | ချင်ယုတ် |
| ၃ | ငွေး |
| ၄ | စက်ကတုံး |
| ၅ | စောပြာ |
| ၆ | ဒီဒူး |
| ၇ | နဘဲ |
| ၈ | ဘိုင် |
| ၉ | မအူလက်တံရှည် |

| အမှတ်စဉ် | သစ်မျိုးအမည် |
|---|---|
| ၁၁ | ထောက်ကြံ့ |
| ၁၂ | လက်ပံ |
| ၁၃ | လင်းလွန်း |
| ၁၄ | ဝက်ရှော် |
| ၁၅ | သစ်တို |
| ၁၆ | အိုးထိန်း |
| ၁၇ | အခြားသစ်ပွမျိုးများ |
| | **အုပ်စု(၅)** |
| ၁ | လမု |
| ၂ | အုံတုံ |
| ၃ | ကျွန်းဖို |
| ၄ | ခူသန် |
| ၅ | ဖျောက်ဆိပ် |
| ၆ | မျောက်ချော |
| ၇ | မျောက်လုပ် |
| ၈ | လယ်ဇ |
| ၉ | တရော် |
| ၁၀ | သစ်ဖြူ |
| ၁၁ | အခြားသစ်မျိုးများ |
| ၁၁ | သစ်မွှေး |
| ၁၂ | ကျောက်ထင်းရှူး |
| | **ရှားပါးပြီး အဖိုးတန် ဂုဏ်သတ္တိရှိသော သစ်မျိုးများ** |
| ၁ | ဖြူ |

| အမှတ်စဉ် | သစ်မျိုးအမည် |
|---|---|
| ၁၀ | မျောက်ငို |
| ၁၁ | လက်ခုပ် |
| ၄ | မဒမ |
| ၅ | ကန့်ဗလာ |
| ၆ | လိပ်သဲ |
| ၇ | ပျဉ်းပိတောက် |
| ၈ | ဥပါန် |
| ၉ | ကန်းဖော် |
| ၁၀ | ပင်လယ်အုန်း |
| | **အခြားသစ်မျိုးများ** |
| ၁ | အနန်းဘို |
| ၂ | ဘန့်ဘွေး |
| ၃ | ပွဲ့ပြား |
| ၄ | အိုးမဲဇာ |
| ၅ | ဗန်ဒါ |
| ၆ | ဘုဒလက် |
| ၇ | ရှီး |
| ၈ | ချဉ်ပြစ် |
| ၉ | ဒွနီ |
| ၁၀ | ဂျို့(ကြို့) |
| ၁၁ | မှိုက် |
| ၁၂ | မှင်နီ |
| ၁၃ | မျှားဆိပ် |
| ၁၄ | ခပေါင်း |

| အမှတ်စဉ် | သစ်မျိုးအမည် |
|---|---|
| ၂ | ဒဟတ် |
| ၃ | လမွဲ့ |
| ၁၈ | ကတက် |
| ၁၉ | ကုန်းပျဉ်းမ |
| ၂၀ | ကြက်ရိုး |
| ၂၁ | ကျီး |
| ၂၂ | ကျွန်းခေါက်နွယ် |
| ၂၃ | ကျွန်းဒလင် |
| ၂၄ | လိန် |
| ၂၅ | လက်ထုပ်ကြီး |
| ၂၆ | လင်ရော |
| ၂၇ | လွန်ဘို |
| ၂၈ | မဆွ |
| ၂၉ | မအူကတုံး |
| ၃၀ | မယ်ဇလီ |
| ၃၁ | မျောက်လုပ် |
| ၃၂ | နဂျယ် |
| ၃၃ | ငု |
| ၃၄ | အုန္နဲ |
| ၃၅ | ပင်လယ်အူ |
| ၃၆ | ပေါက် |
| ၃၇ | ဖက်လယ်ဇင်း |
| ၃၈ | ဖက်ရှင် |
| ၃၉ | ဖက်သန်း |

| အမှတ်စဉ် | သစ်မျိုးအမည် |
|---|---|
| ၁၅ | ကလော |
| ၁၆ | ကကွာ |
| ၁၇ | ကသစ် |
| ၄၃ | တည် |
| ၄၄ | တောင်ဖက်ဝန်း |
| ၄၅ | ထိန် |
| ၄၆ | သပွတ်ကြီး |
| ၄၇ | သစ်ကြား |
| ၄၈ | သခွပ် |
| ၄၉ | သံသေ |
| ၅၀ | သန်း |
| ၅၁ | သန်သတ် |
| ၅၂ | သစ်လင်းတ |
| ၅၃ | သစ်ပုဂံ |
| ၅၄ | သစ်ဖယောင်း |
| ၅၅ | သစ်ဆိပ် |
| ၅၆ | သစ်ပျောက် |
| ၅၇ | သစ်ဆွဲလည်း |
| ၅၈ | ရေမိန် |
| ၅၉ | ရင်းစပ် |
| ၆၀ | ဖောင်းပုလွေး |
| ၆၁ | ဇင်ပြွန်း |
| ၆၂ | သစ်ဆနွင်း |
| ၆၃ | ဇင်းဆွယ် |

| အမှတ်စဉ် | သစ်မျိုးအမည် |
|---|---|
| ၄၀ | ဖက်ဝန်း |
| ၄၁ | ဆိပ်ချီး |
| ၄၂ | ထောက်ရှား |
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |

| အမှတ်စဉ် | သစ်မျိုးအမည် | အမှတ်စဉ် | သစ်မျိုးအမည် |
|---|---|---|---|
| ၆၄ | ထားဝယ် | | |
| ၆၅ | မိုး | | |

ပူးတွဲ-၄

## သစ်မာပင်ထောင်ရိုက်မှတ်သောအရာရှိမှ ပင်ထောင်တံဆိပ်ရိုက်မှတ်သားရန် စာအုပ်ရေးသွင်းရာတွင် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများ

(၁) မှတ်ပင်များနှင့် ပတ်သက်၍ စာတိုင် (၁)မှ (၄)ထိ ရေးသွင်းရမည်။

(၂) ချန်ပင်များနှင့် ပတ်သက်၍ စာတိုင် (၅)မှ (၇)တွင် ရေးသွင်းရမည်။

(၃) အကောက်ရိုက်မှတ်သည့် သစ်လုံးများ ဖြည့်သွင်းနိုင်ရန် ပင်ထောင်အမှတ် တစ်ခုနှင့် တစ်ခုကို မျဉ်း(၃)ကြောင်းခြား၍ ရေးရမည်။

(၄) စာတိုင် (၂)နှင့် (၆)တွင် သစ်မျိုးအမည်ကို တိတိကျကျ ရေးသွင်းရမည်။ "အခြား" ဟု ဖော်ပြခြင်းမပြုရ။

(၅) အထူးမှတ်ချက်များကို သီးခြားမျဉ်းကြောင်းသစ်တွင် ရေးသွင်းရမည်။

(၆) စာတိုင်(၄)တွင် ယိုယွင်းချက်များကို အောက်ပါအမှတ် အသားများအတိုင်း အသုံးပြုရမည် -

N = ညောင်ပတ်ပင်။ H = အခေါင်းကြီးရှိသောအပင် ။

D = ဒိုးယို ၊ BB = အောက်ခြေမီးလောင်

h=အခေါင်းငယ်ရှိသောအပင်။

C = အလွန်ကွေးကောက်သောအပင် ။

F = ပါးပျဉ်းနှင့် အဟိုက်အလွန်ကြီးသောအပင် ။ Y = ခွပင် ။ B = မီးလောင်သောအပင်

(၇) သစ်မာပင်ထောင်တံဆိပ် ရိုက်မှတ်သားရန် စာအုပ်ကို အကွက်/ခုတ်ကွက် တစ်ခုချင်းစီအတွက် သီးသန့်အသုံးပြုရမည်။

(၈) သစ်မာပင်ထောင်ရိုက်မှတ်ခြင်း စာအုပ်တစ်အုပ်စီ၏ မှတ်ပင်၊ ချန်ပင်တို့ကို ခြောက်လက်မလုံးပါတ် အတန်းအစားအလိုက် စာရင်းချုပ်ပြုစု၍ ပင်ထောင်ရိုက်မှတ်သောအရာရှိ၏ လက်မှတ် ၊ အမည် ၊ ရာထူးတို့ဖြင့် ဖော်ပြရမည်။

(၉) မှတ်ပင်၊ ချန်ပင်စာရင်းများကို တောတွင်းသုံး သစ်မာပင်ထောင်ရိုက်မှတ်စု စာအုပ်အကြမ်းမှ ကူးယူဖြည့်သွင်းရမည်။

(၁၀) သစ်မာပင်ထောင်ရိုက်မှတ်ရာတွင် အသုံးပြုသည့် မှတ်တံဆိပ်ပုံစံနှင့် နံပါတ်စဉ်တံဆိပ်တုံးပုံစံများကို မှင်ခံဖြင့် ရိုက်နှိပ်ဖော်ပြရမည်။

(၁၁) သစ်မာပင်ထောင် ရိုက်မှတ်ထားသော အပင်များ၏ တည်နေရာကို မြေပုံပေါ်တွင် ရနိုင်သရွေ့ ထင်ရှားစွာ ဖော်ပြရမည်။ ပင်ထောင်အမှတ် (၁) (၂၅) (၅၀) (၇၅) စသည်ဖြင့်

ပင်ထောင်များ၏ တည်နေရာမြေပုံညွှန်းကို မြေပုံဘေးတွင် ဇယားဖြင့် ဖော်ပြရမည်။ ထို့အတူ ချန်ပင်များ၏ တည်နေရာကိုလည်း သီးခြားမြေပုံဖြင့် ရနိုင်သ၍ ဖော်ပြပေးရမည်။

(၁၂) အကွက်/ခုတ်ကွက်အတွင်း ပင်ထောင်ရိုက်မှတ်ပြီးသောအခါ မှတ်ပင်/ချန်ပင်များ၏ တည်နေရာပြမြေပုံများကို တံဆိပ်ရိုက်မှတ်ခြင်းစာအုပ်၏ နောက်ဆုံး၌ ကော်ကပ်၍ ထည့်ရမည်။

(၁၃) သစ်မာပင်ထောင်ရိုက်မှတ်ခြင်း S 32(b) အား စနစ်တကျ ဖြည့်သွင်း၍ ပင်ထောင်ရိုက်မှတ်ခြင်းပြီးသောအခါ ခရိုင်သစ်တောဦးစီးဌာနသို့ ပေးပို့ရမည်။

(၁၄) စာအုပ်အတွင်း ရေးသွင်းရာ၌ ခဲတံဖြင့် ရေးသွင်းခြင်း မပြုရန်။

(၁၅) သစ်မာပင်ထောင် တံဆိပ်ရိုက်မှတ်သားရန်စာအုပ် စာမျက်နှာတိုင်းတွင် သစ်မာပင်ထောင်ရိုက်မှတ်အရာရှိမှ လက်မှတ်တို ရေးထိုးရမည်။

ပူးတွဲ-၅

## သစ်မာပင်ထောင်ရိုက်မှတ်ခြင်း လုပ်ငန်းပြီးစီးကြောင်းအစီရင်ခံစာ

( ၁ ) ကြိုဝိုင်း/ အကွက်နံပါတ်

( ၂ ) အကွက်၏ ဧရိယာ

( ၃ ) နယ်နိမိတ် - **(နယ်နိမိတ် ဘုတ်တိုင်/ မှန်ထစ်များ ပြင်ဆင်ဆောင်ရွက်ခဲ့မှု အခြေအနေနှင့် မြေကြီးမြေပုံ တိုက်ဆိုင်စစ်ဆေးမှန်ကန်မှု)**

( ၄ ) မြေအမျိုးအစားနှင့်မြေမျက်နှာသွင်ပြင် - **(ခင်တန်းကျောများ/ တောင်ကမ်းများ၊ ချောင်းများ စီးဆင်းမှု အခြေအနေ)**

( ၅ ) တောအမျိုးအစားနှင့်သဘာဝပေါက်ပင်-**(တောင်ယာကျူးကျော်မှု/ကျွန်း၊ အဖိုးတန်အပင်များနှင့် ဝါးပေါက်ရောက်မှု)**

( ၆ ) ဓမ္မတာမျိုးဆက်ခြင်း-**(မျိုးဆက်ခြင်းအခြေအနေ/ မီးလောင်ကျွမ်းမှု/ စိုက်ခင်းတည်ထောင် သင့်/ မသင့်)**

( ၇ ) သစ်မာပင်ထောင်ရိုက်မှတ်ခြင်းနှင့် ချန်ပင် - **(မှတ်ပင်/ ချန်ပင်/ စိစစ်ဆောင်ရွက်ခဲ့မှုအပါအဝင် အရေအတွက်)**

( ၈ ) ရောင်းတန်းဝင် အော်လဲနတ်သတ်နှင့် သစ်လုံးပဟောင်းများ - **(အရေအတွက်များ/မများနှင့် ခန့်မှန်းတန်)**

( ၉ ) ရင်စို့လုံးပတ် ၄ ပေအထက် အနာဂတ်တောထွက်များစာရင်း

(၁၀) ကုန်ကျစရိတ် - **(သစ်မာပင်ထောင်ရိုက်မှတ်ခြင်း/ ရိက္ခာသယ်ယူခြင်း/ နွယ်ဖြတ်အုပ်မိုး ဆောင်ရွက်ခြင်းစသည်)**

(၁၁) သစ်ထုတ်ယူခြင်း **- (ချောင်းဖြတ်များနှင့် သစ်ထုတ်လမ်းဖောက်လုပ်နိုင်သည့် အခြေအနေ)**

(၁၂) အုပ်မိုးကာဆိုင်းခုတ်လှဲခြင်း - ဆောင်ရွက်ခဲ့မှု

(၁၃) ပင်ကျပ်နှုတ်ခြင်း - ဆောင်ရွက်ခဲ့မှု

(၁၄) အထွေထွေ - **(လက်ရှိတောအခြေအနေ၊ အနာဂတ်အလားအလာ၊ ချိန်းခြောက်မှု၊ အကြံပြု ချက်)**

(၁၅) အသုံးပြုသော တံဆိပ်တုံးပုံစံများနှင့် အသုံးပြုသူများ၏ အမည်များ (အစီရင်ခံစာနှင့် ပူးတွဲ ဖော်ပြ)

(၁၆) ပူးတွဲတင်ပြချက်များ

(က) သစ်မာမှတ်ပင်/ချန်ပင်ဖော်ပြသည့် ၄"-၁ မိုင်စကေးမြေပုံ
(ကျွန်းစိုပင်ထောင်ရိုက်မှတ်နည်း မြေပုံရေးဆွဲခြင်းတွင်ကြည့်)

( ခ ) တောအမျိုးအစားခွဲခြားခြင်း ၄"-၁ မိုင်စကေးမြေပုံ

( ဂ ) သစ်မာရိုက်မှတ်စုစာအုပ် S 32(b)နှင့် စာရင်းချုပ်

(ဃ) အသုံးပြုသော တံဆိပ်ပုံစံများနှင့် အသုံးပြုသူများ

# .........တိုင်းဒေသကြီး၊ .........ခရိုင်၊ .........မြို့နယ်၊ ..........ကြိုးဝိုင်းအကွက်အမှတ်(      )

## သစ်မာပင်ထောင်စာရင်းနှင့် ချန်ပင်စာရင်း

| သစ်မျိုးအုပ်စုနံပါတ် | သစ်မျိုး | လုံးပတ်အတန်းအစား | | | | | | | | ချန်ပင် | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မှတ်ပင်စာရင်း | | | | | | | | ချန်ပင်စာရင်း | | | | |
| | | 6'-0"<br>မှ<br>6'-11' | 7'-0"<br>မှ<br>7'-11' | 8'-0"<br>မှ<br>8'-11' | 9'-0"<br>မှ<br>9'-11' | 10'-0"<br>မှ<br>10'-11' | 11'-0"<br>မှ<br>11'-11' | 12' နှင့်အထက် | ပေါင်း | 4'-0"<br>မှ<br>4'-5' | 4'-6"<br>မှ<br>4'-11' | 5'-0"<br>မှ<br>5'-5' | 5'-6"<br>မှ<br>5'-11' | ပေါင်း |
| I | | | | | | | | | | | | | | |
| | | | | | | | | | | | | | | |
| | | | | | | | | | | | | | | |
| | ပေါင်း | | | | | | | | | | | | | |
| II | | | | | | | | | | | | | | |
| | | | | | | | | | | | | | | |
| | | | | | | | | | | | | | | |
| | ပေါင်း | | | | | | | | | | | | | |
| III | | | | | | | | | | | | | | |
| | | | | | | | | | | | | | | |
| | | | | | | | | | | | | | | |
| | ပေါင်း | | | | | | | | | | | | | |
| IV | | | | | | | | | | | | | | |
| | | | | | | | | | | | | | | |
| | | | | | | | | | | | | | | |
| | ပေါင်း | | | | | | | | | | | | | |
| V | | | | | | | | | | | | | | |
| | | | | | | | | | | | | | | |
| | | | | | | | | | | | | | | |
| | ပေါင်း | | | | | | | | | | | | | |
| | စုစုပေါင်း | | | | | | | | | | | | | |